မြန်မာ့အလင်း

၁၂၈၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နတ်တော်လကွယ်နေ့ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၂)

ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကို အချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ကျရောက်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို "ကချင်ပြည်နယ်နေ့" အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူနည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် အားကစားသည် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေရုံသာမက ဗလငါးတန်ဖွံ့ဖြိုးမှု၏ အခြေခံမျိုးစေ့လည်း ဖြစ်ပါကြောင်း၊ *စာမျက်နှာ ၄ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

သဘာဝဘေးဒဏ်နှင့် ကြိုတင်စီမံခန့်ခွဲမှု

မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင် ဖွဲ့စည်းပုံအရ ကမ္ဘာပေါ်ရှိ သဘာဝဘေးဒဏ်အကျရောက်နိုင်ဆုံး နိုင်ငံများထဲတွင် ပါဝင်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ခြင်းဒဏ်ခံရခြင်း အညွှန်းကိန်း(Global Climate Rick Index)တွင် နိုင်ငံပေါင်း ၁၈၇နိုင်ငံ ပါဝင်သည့်အနက် မြန်မာနိုင်ငံသည် ဒုတိယနေရာတွင် ရှိနေသည်။ အဆိုပါ အညွှန်းကိန်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း လွန်စွာဆိုးရွားသည့် ရာသီဥတုဒဏ်ခံစားခဲ့ရသည့် နိုင်ငံများကို ဖော်ပြထားခြင်းဖြစ်သည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း စသည့်ဘေးဒဏ်များကို ပိုမိုဆိုးရွားစွာ ခံစားရနိုင်သည့်အပြင် မြေငလျင်လှုပ်ခြင်းနှင့် ဆူနာမီလှိုင်း ရိုက်ခတ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များ ကျရောက်နိုင်သည်တို့ကိုလည်း ကြိုတင်မျှော်မှန်းပြင်ဆင်ထားကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းသည် သဘာဝဖြစ်စဉ်ဖြစ်သည့်အလျောက် တားဆီး၍ မရနိုင်သော်လည်း လူ့အဖွဲ့အစည်း၏ စွမ်းဆောင်နိုင်စွမ်းကို မြှင့်တင်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနည်းလမ်းများဖြင့် ကျရောက်လာမည့် သဘာဝဘေးကို လျော့နည်းသက်သာစေနိုင်သည်။ သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်လာပါက လူ့အဖွဲ့အစည်းတစ်ရပ်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဓာတ်အားပေးရေး၊ ရေအရင်းအမြစ် စသည်တို့အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်ပျက်စီးစေသည်။ သဘာဝဘေး၏ အတိုင်းအတာပမာဏကြီးမားလျှင် ကြီးမားသလောက် လူ့အဖွဲ့အစည်း၏ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ကိုင်တွယ်ဖြေရှင်း၍ မလုံလောက်သည်အထိ ပျက်စီးဆုံးရှုံးမှု ကြီးမားနိုင်သည်။

သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် ပြည်သူပူးပေါင်းပါဝင်မှုတို့ မည်မျှအရေးပါသည်ကို ပြီးခဲ့သည့် ရခိုင်ပြည်နယ် မိုခါမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်၌ ပြန်လည်လေ့လာတွေ့ရှိနိုင်သည်။ အန္တရာယ်ကျရောက်နိုင်သည့် ဒေသများကို ကြိုတင်သတိပေးခြင်း၊ အဆိုပါ ဒေသများမှ လူနှင့်ကျွဲနွားတိရစ္ဆာန်များ၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းခြင်း၊ ထိရောက်မြန်ဆန်သော အစီအမံများဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်ခြင်းတို့က သဘာဝဘေးကြောင့် သေကျေမှုနှင့် ပျက်စီးဆုံးရှုံးမှုတို့ကို လျော့နည်းသက်သာစေသည်။ သဘာဝဘေးများ မကြာခဏကျရောက်နေခြင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် သဘာဝဘေးကျရောက်တိုင်း ကြီးမားစွာ ထိခိုက်ပျက်စီး ဆုံးရှုံးနေရခြင်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေသည်။ သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသည့် မိမိတို့နိုင်ငံအဖို့ စီမံခန့်ခွဲမှု ထိရောက်ကောင်းမွန်ရန် လိုအပ်သလို ပြည်သူလူထု သဘာဝဘေးဆိုင်ရာ အသိပညာမြင့်မားနေရန်လိုသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုခန့်အတွင်း မိမိတို့နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုတို့ အရေအတွက်အားဖြင့်လည်းကောင်း၊ ပြင်းထန်မှုအားဖြင့်လည်းကောင်း ယခင်ထက် ပိုမိုလာခဲ့သည်ကို သတိပြုကြရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုအပြင် လူတို့၏ ပယောဂကြောင့် သဘာဝရေစီးရေလာများ၊ မြစ်ချောင်းများ ပျက်စီးတိမ်ကောခြင်း၊ သစ်တောများ ပြုန်းတီးခြင်းနှင့် မြေဆီလွှာများ တိုက်စားဆုံးရှုံးခြင်း စသည်တို့က ဘေးအန္တရာယ်ပမာဏကို ပိုမိုကြီးမားစေသည်။ သို့ဖြစ်ရာ ကမ်းရိုးတန်းဒေသများတွင် အစိမ်းရောင်ဒီရေတောတံတိုင်းများ စိုက်ပျိုးတည်ထောင်ခြင်း၊ ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းခြင်းနှင့် သစ်တောများ ပြန်လည်ထူထောင်ခြင်း၊ ရွှေနှင့် ဓာတ်သတ္တုများအပါအဝင် တူးဖော်မှုများ ပြုလုပ်ပြီးတိုင်း သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် မြစ်ချောင်းများ၊ သဘာဝရေစီးရေလာများ မပျက်စီးအောင် ပြန်လည်တူးဖော်ထိန်းသိမ်းခြင်းတို့ကို အမျိုးသားရေးအသိ၊ သတိတို့ဖြင့် ဆောင်ရွက်ကြပါရန် မကြာမီကျရောက်တော့မည့် မိုးကြိုကာလအမီ တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

(၁၇)ကြိမ်မြောက် ပညာရည်ချွန် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်စာချနာယက ဘဒ္ဒန္တ ပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်သည် သက်တော်(၆၄) နှစ်ပြည့် မွေးနေ့ကုသိုလ် အထိမ်းအမှတ်အဖြစ် ဆရာတော်၏ မွေးဖွားရာဇာတိဖြစ်သော ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင်းစဉ်ကုန်းကျေးရွာရှိ ၂၀၂၂-၂၀၂၃ ပညာရေး ထူးချွန်အောင်မြင်ကြသော တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခြင်း၊ လင်းစဉ်ကုန်း (အ.မ.က)ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ(အဖြူအစိမ်း)များနှင့် စာရေးကိရိယာ၊ အဖျော်ရည်၊ အလှူငွေ စသည်တို့ကို ဇန်နဝါရီ ၉ ရက်က လင်းစဉ်ကုန်းကျေးရွာ လင်းစဉ်ကုန်း (အ.မ.က)ကျောင်း၌ လှူဒါန်းချီးမြှင့်ပေးသည်။ **မြန်မာ့အလင်း**

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့ စကား" အစီအစဉ်မှ **"ပညာဖြင့် တည်ဆောက်ကြ ရာဝယ်"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စုပေါင်းကာကွယ် ကောလာဟလအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ် အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပိုင်ကျုံမြို့ ကစိုကျေးရွာ၌ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပိုင်ကျုံ ဇန်နဝါရီ ၉

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကစိုကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျရောက်မည့် ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကစိုကျေးရွာ၌ (၂၅) ကြိမ်မြောက် ငွေရတု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပွဲတော်နှင့် ကရင်ရိုးရာ ကောက်သစ်စားပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကစိုကျေးရွာတွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် ငွေရတု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပွဲတော်အထိမ်းအမှတ်အဖြစ် အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၊ ကရင်ရိုးရာဒုံးယိမ်း အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ပြပွဲပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲများ ပါဝင်ကြောင်း သိရသည်။

ကရင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးနေ့ ပွဲတော်အထိမ်းအမှတ်ကို ကစိုကျေးရွာ၌ နှစ်စဉ်စည်ကားစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

နော်ခူး
(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁-၂၀၂၄ ကျပ်/လီတာ

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၁၄	၂၄၉၆
95 Ron	၂၅၁၃	၂၅၉၇
HSD (500 ppm)	၂၂၀၇	၂၂၈၀
HSD (50 ppm)	၂၂၈၈	၂၃၆၃
HSD (10 ppm)	၂၂၉၆	၂၃၇၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❒ *ရှေ့ဖုံးမှ*

ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့်ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့်ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများ အပါအဝင် လူဦးရေ စုစုပေါင်း (၁၇) သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ လှပခံ့ညားကျက်သရေရှိသည်သာမက တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ နှစ်သက်မြတ်နိုးဖွယ်ရာ စည်းလုံးညီညွတ်မှုကိုဖော်ပြသည့် ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ထို့ပြင် အဖိုးတန်သယံဇာတ တန်ဖိုးရှိရတနာများ ပေါများကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများနှင့် စိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာမှုတို့သည် ပြည်နယ်၏ထင်ရှားသော အလှအပသဘာဝများ ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် သယံဇာတ အခြေခံကောင်းများစွာ ရှိပြီးဖြစ်ရာ ၎င်းသဘာဝ အလှတရားများနှင့် သယံဇာတထွက်ကုန်များကို အခြေပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ပါက ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါသည်။ “တိုင်းပြည်သာယာဝပြောရေး” နှင့် “စားရေရိက္ခာဖူလုံရေး” ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး” နှင့် “ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး”ကို နိုင်ငံရေး ရည်မှန်းချက်အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

* **ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပြီး စနစ်တကျဖြင့် ကုန်ချောအဖြစ် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်း လိုအပ်ချက်ကို ဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်**
* **ထို့ပြင် နယ်စပ်ဒေသလည်းဖြစ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်မည့်အပြင် နိုင်ငံအတွက် ဝင်ငွေလည်း တိုးတက်လာနိုင်မည်**

အမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း တိုင်းရင်းသားများ၏ အသိဉာဏ်ပညာပြည့်စုံမှုများဖြင့် ဆောင်ရွက်နိုင်ရန် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကို အထူးအားပေးစေလိုပါသည်။

နိုင်ငံတော်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများ အပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပြီး စနစ်တကျဖြင့် ကုန်ချောအဖြစ် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်း လိုအပ်ချက်ကို ဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နယ်စပ်ဒေသလည်းဖြစ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်မည့်အပြင် နိုင်ငံအတွက် ဝင်ငွေလည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တပ်မတော်အပါအဝင် တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားနိုင်ငံရေးတာဝန်များအဖြစ် ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

မိမိတို့ပြည်သူအားလုံး မျှော်မှန်းတောင့်တသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိစေရန် NCA လမ်းကြောင်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

လွတ်လပ်ရေးရပြီးချိန်ကတည်းကစပြီး ယခုအချိန်ထိ ကချင်ပြည်နယ်အပါအဝင် အထူးသဖြင့် နယ်စပ်ဒေသ၊ တိုင်းရင်းသားများနေထိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများမှာ လွတ်လပ်ရေး၏အရသာကို အပြည့်အဝမခံစားရသေးဘဲ လူမှုဒုက္ခများကို ရင်ဆိုင်နေကြရဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော အဖြစ်ဆိုးကို မိမိတို့၏လက်ထက်တွင် ချုပ်ငြိမ်းစေပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်ပြီး အနာဂတ်အတွက် ကောင်းမွန်သည့်အမွေကို လွှဲပြောင်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးတိုက်တွန်း မှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအပါအဝင် နိုင်ငံနှင့်လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင် ကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းရင်း (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

တက္ကသိုလ် / ကောလိပ်နှင့် သင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အခြေခံစားသုံးကုန်များ အပတ်စဉ် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

ပဲခူး ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ပဲခူးတက္ကသိုလ်နှင့် သူနာပြုသားဖွား သင်တန်းကျောင်းရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများအား အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှု အားပေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတက္ကသိုလ်နှင့် သားဖွားသင်တန်းကျောင်းများသို့ သွားရောက်ခဲ့ပြီး တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများမှ တိုက်ရိုက် ဈေးရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အပတ်စဉ် ရောင်းချပေးခြင်းဖြစ်၍ ဆန်၊ ဆီ၊ အသား/ငါး/ဥများ၊ ဟင်းသီးဟင်းရွက်များအပြင် အသင့်စားစားသုံးကုန်များနှင့် ဒေသထွက်အသားမျိုးစုံ ရောင်းချပေးနိုင်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ သာသနာ့ဇောတိက စာသင်တိုက်သို့ သွားရောက်ပြီး ဦးစီးပဓာနနာယကဆရာတော် (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်) ဘဒ္ဒန္တ သုဇန မဟာထေရ် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ခဲ့ပြီး နာယကဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာများ လျှောက်ထားပြီး အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)မှ သင်တန်းသား သင်တန်းသူများ လေ့လာရေးခရီး သွားရောက်

မန္တလေး ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိကြီးကြပ်သူများ၊ သင်တန်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၅၁ ဦးတို့သည် မန္တလေးမြို့ ၇၃ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ Great Wall ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများက ကုမ္ပဏီ၏ ငွေစာရင်းပိုင်းဆိုင်ရာ အဝင်/အထွက်ထားရှိမှုများအား ငွေစာရင်းခေါင်းစဉ်တစ်ခုချင်းစီအလိုက် စာရင်းရေးသွင်းနည်းများကို အသေးစိတ်ရှင်းလင်းပြောကြားကာ ကုမ္ပဏီ၏ ရည်မှန်းချက်များပါဝင်သည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်း၏ အကျိုးကျေးဇူးများကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်လက်အပန်းဖြေနိုင်ခြင်း၊ စိတ်ဖိစီးမှု လျော့ကျစေနိုင်ခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စနစ်တကျတွေးခေါ်နိုင်ခြင်း၊ ဖြတ်ထိုးဉာဏ်အသုံးချခြင်း၊ အသင်းအဖွဲ့နှင့် လုပ်ကိုင်တတ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပေါင်းသင်းဆက်ဆံရေးကို မြှင့်တင်ပေးရုံသာမက စဉ်းစားတွေးခေါ်မှု စွမ်းရည်များကိုပါ တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားနှင့် ပညာရေးကို ပေါင်းစပ်ပေးခြင်းသည် တက္ကသိုလ်ကျောင်းသားလူငယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

❝ အခြေခံပညာကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကာယဆရာ၊ ဆရာမများအတွက် သင်တန်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် B.Sc (Sports) ဘွဲ့သင်တန်းကို ဖွင့်လှစ်ပေးထားပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းသင်ကြားပို့ချပေးလျက်ရှိ၊ ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အားကစားအရာရှိနှင့် အားကစားနည်းပြများ ခန့်အပ်ပေးထားပြီး စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိ ❞

ဇုန်ကိုယ်စားပြုအသင်းတစ်သင်းစီ ဖွဲ့စည်း

ယခုကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ် စသည့်အားကစားနည်း(၅)မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းအားကစားနည်း (၅)မျိုးအနက် ဘောလုံးနှင့် ဘော်လီဘောအားကစားနည်းများကို ရန်ကုန်ဇုန်၊ ဒဂုံဇုန်၊ ပုသိမ်ဇုန်၊ မော်လမြိုင်ဇုန်၊ မန္တလေးဇုန်၊ မကွေးဇုန်၊ တောင်ကြီးဇုန်၊ မြစ်ကြီးနားဇုန်ဆိုသည့် ဇုန်(၈)ခု ဖွဲ့စည်းပြီး သတ်မှတ်ဇုန်များက လူရွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြပါကြောင်း၊ ယင်းမှ ဇုန်တစ်ဇုန်စီက ဇုန်ကိုယ်စားပြုအသင်း တစ်သင်းစီ ဖွဲ့စည်းခဲ့ကြပြီး ယခုကျင်းပနေသည့် ဗဟိုအဆင့်တွင် လာရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ပါကြောင်း၊ ကျန်အားကစားနည်းများကို ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲအနေဖြင့် ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

Athletics ဟုခေါ်သည့် ပြေးခုန်ပစ် အားကစားသည် ရှေးဟောင်းဂရိလူမျိုးများက စတင်မြစ်ဖျားခံခဲ့ပြီး ဘီစီ ၁၀ ရာစုခန့်တွင် Sport ဟု ခေါ်သည့် အားကစားအဖြစ် ပေါ်ထွန်းလာခဲ့ကြောင်း၊ ဂရိတို့သည် ကာယဗလနှင့် ဉာဏဗလတို့တွင် ယင်းခေတ်ကာလက ကမ္ဘာပေါ်၌ အောင်မြင်ထင်ရှားခဲ့ပါကြောင်း၊ ဂရိလူမျိုးများသည် ပြေးခုန်ပစ် ကစားနည်းများကို တီထွင်ကစားခဲ့ကြရာမှ ကမ္ဘာပေါ်တွင် အိုလံပစ် အားကစားပြိုင်ပွဲများ ပေါ်ပေါက်လာသည့် အဆင့်အထိ တိုးတက်ထွန်းကားလာခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်အားကစားလှုပ်ရှားမှုများသည် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ဖူးသည့် သမိုင်းများရှိပါကြောင်း၊ ၁၉၁၇ ခုနှစ်ကတည်းက ရန်ကုန်ကောလိပ်ဘောလုံးအသင်း (Rangoon College Football Team)သည် အောင်မြင်မှုများနှင့်အတူ ပေါ်ပေါက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘောလုံးလောကတွင် ၁၉၃၂ ခုနှစ်မှစ၍ ယူနီဗာစီတီ ဘောလုံးအသင်းဆိုပြီး အထူးနာမည်ကြီးလာခဲ့ပါကြောင်း၊ ယင်းနှစ်မှာပင် ဘီအေအေ ယခုအောင်ဆန်းကစားကွင်း ချန်ပီယံဖလားကြီးကို ရရှိခဲ့ပါကြောင်း။

၁၉၃၃ ခုနှစ်တွင် ချန်ပီယံဖလားနှင့် ဝါတာလော့ ရှုံးထွက်ဒိုင်းကြီးကိုပါ ရရှိခဲ့ပါကြောင်း၊ ၁၉၃၄ ခုနှစ်တွင် ချန်ပီယံဖလားဆုကို သုံးနှစ်ဆက်တိုက်ရရှိခဲ့သဖြင့် အပိုင်ရရှိပြီး ဝါတာလော့ဒိုင်းကိုလည်း နှစ်နှစ်ဆက်တိုက်ရရှိခဲ့ပါကြောင်း၊ ယင်းအချိန်က ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်း၏အောင်မြင်ကျော်ကြားမှုသည် ဘီအေအေကွင်းကြီးမှာသာမက မြန်မာပြည်တစ်ပြည်လုံး "ဗာစီတီ ဗာစီတီ၊ ရားရား"ဆိုသည့် အားပေးသံများနှင့်အတူ လွှမ်းမိုးကျော်ကြားခဲ့ပါကြောင်း။

သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့

ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းသည် ၁၉၆၅၊ ၁၉၆၆ နှင့် ၁၉၆၇ ခုနှစ်များတွင်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ရှုံးထွက်ဖလားပတ်လည်ဒိုင်းနှင့် ကွင်းဖွင့်ဖလားပြိုင်ပွဲများတွင် သုံးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့ဖူးပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ ကျောင်းတွင်းအားကစားပြိုင်ပွဲများ အခန်းကဏ္ဍသည်လည်း အင်မတန်အရေးပါလှပါကြောင်း၊ စစ်ကြိုခေတ်ကာလက ရန်ကုန်တက္ကသိုလ်၏ ကျောင်းတွင်းအားကစားပြိုင်ပွဲများအဖြစ် အဆောင်လိုက်ပြိုင်ပွဲနှင့် အတန်းလိုက်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း၊ အဆောင်လိုက် ပြိုင်ပွဲများတွင် နေ့ကျောင်းသားများသည် နေ့ဝိဇ္ဇာအသင်းနှင့် နေ့သိပ္ပံအသင်းများအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း။

၁၉၆၄ ခုနှစ်မှ စတင်၍ ကျောင်းဆောင်အလိုက် အားကစားပြိုင်ပွဲများအပြင် ဘာသာရပ်အလိုက်ပြိုင်ပွဲများကိုပါ ကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း၊ ပညာသင်နှစ်အပေါ် မူတည်ပြီး ကျင်းပပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျောင်းတွင်း အားကစားပြိုင်ပွဲများမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို တက္ကသိုလ်လက်ရွေးစင် အားကစားသမားများအဖြစ် ရွေးချယ်ပြီး ယခုလိုကျင်းပသည့် တက္ကသိုလ်/ကောလိပ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် အားကစားပြိုင်ပွဲများအပြင် အားကစားသင်တန်းများကိုလည်း ရက်တိုသင်တန်း၊ ရက်ရှည်သင်တန်း ခွဲခြားပြီး နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း။

ထိုကဲ့သို့ တစ်ချိန်က ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်း သုံးနှစ်ဆက်တိုက် အနိုင်ရရှိခဲ့ခြင်းသည် ဘောလုံးသမားများ၏ ကြိုးစားလေ့ကျင့်မှုနှင့် ထူးချွန်ထက်မြက်မှုများကြောင့်ဖြစ်ပြီး ဘောလုံးအားကစားသမားများသည် တစ်ဦးချင်းသာမက အသင်းလိုက်အနေဖြင့်ပါ အရည်အချင်းပြည့်ဝကောင်းမွန်လာရခြင်းနှင့်အတူ နည်းပြဆရာ၏ ညွှန်ကြားလေ့ကျင့်ပေးမှုအပေါ် အပြည့်အဝလိုက်နာလေ့ကျင့်ခဲ့၍လည်း ယခုလို အောင်မြင်မှုရရှိခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

၁၉၆၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီးကို ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပခဲ့ရာ မြန်မာအားကစားအဖွဲ့တွင် တက္ကသိုလ်အားကစားသမားများ ပိုမိုပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင်မြန်မာတို့အနေဖြင့် ရွှေတံဆိပ် ၅၇ ခု၊ ငွေတံဆိပ် ၄၆ ခုနှင့် ကြေးတံဆိပ် ၄၃ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမဗိုလ်စွဲခဲ့ပါကြောင်း၊ ရရှိခဲ့သည့်ဆုတံဆိပ်များအနက် ရွှေတံဆိပ် ၆ ခု၊ ငွေတံဆိပ် ၄ ခုနှင့် ကြေးတံဆိပ် ၅ ခုအား တက္ကသိုလ်အားကစားသမားများမှ ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း၊ ရွှေတံဆိပ် ၆ ခု ရရှိရာတွင် တက္ကသိုလ်ကျောင်းသား ရေကူးချန်ပီယံ နန္ဒကျော်စွာ တစ်ဦးတည်းက ရွှေတံဆိပ် ၃ ခု ရယူပေးနိုင်ခဲ့ခြင်းသည် တက္ကသိုလ်နှင့် တက္ကသိုလ်ကျောင်းသားတို့၏ ဂုဏ်ရောင်ကို ပိုမိုထွန်းပြောင်စေခဲ့ပါကြောင်း၊ အလားတူ ကျွန်းဆွယ်ပြိုင်ပွဲ သမိုင်းစဉ်တစ်လျှောက်လုံး မြန်မာတို့ တစ်ကြိမ်တစ်ခါမျှ မရဖူးခဲ့သည့် တင်းနစ်ရွှေတံဆိပ်ဆုကို တက္ကသိုလ်ကျောင်းသား မောင်မောင်လေးက ဆွတ်ခူးပေးနိုင်ခဲ့ခြင်းသည်လည်း မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ယနေ့ကာလတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games-AUG)များတွင် တက်ကြွစွာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများစွာ ရရှိထားပါကြောင်း။

၂၀၂၂ ခုနှစ် ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သည့် အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ မြားပစ်၊ ပိုက်ကျော်ခြင်းနှင့် ဝူရှူး အားကစားနည်း ၄ မျိုးတွင် အားကစားသမား ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာမှ ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၂ ခုနှင့် ကြေးတံဆိပ် ၂ ခု ရရှိအောင်ပွဲခံနိုင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ အောင်ပွဲရခဲ့သည့် တက္ကသိုလ်အားကစားမောင်မယ်များကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ထူးချွန်သည့်တက္ကသိုလ်အားကစားမောင်မယ်များ ပေါ်ထွန်းလာရန်အတွက်လည်း နိုင်ငံတော်က လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ပညာရေးနှင့် ပေါင်းစပ်မြှင့်တင်ရမည်

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ကျောင်းအားကစားကွင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာရေးနှင့် အားကစားပေါင်းစပ်သင်ယူနိုင်သည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ အားကစားကောင်းမှ ပညာရေးကောင်းမည်ဖြစ်ပြီး ပညာရေးကောင်းမှ နိုင်ငံတိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာတတ်သော၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အားကစားကဏ္ဍကို ပညာရေးနှင့် ပေါင်းစပ်မြှင့်တင်ရမည်ဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကာယဆရာ၊ ဆရာမများအတွက် သင်တန်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ဒဂုံတက္ကသိုလ်နှင့်

စာမျက်နှာ ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ပန်းဖွားအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၄ မှ

ရတနာပုံတက္ကသိုလ်တို့တွင် B.Sc (Sports) ဘွဲ့သင်တန်းကို ဖွင့်လှစ်ပေးထားပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းသင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အားကစားအရာရှိနှင့် အားကစားနည်းပြများ ခန့်အပ်ပေးထားပြီး စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်

"အာရောဂျံ ပရမံလာဘံ" ဆိုသည့်အတိုင်း ကျန်းမာရေးသည် လာဘ်တစ်ပါးအဖြစ် ဘဝတစ်လျှောက်လုံးတွင် လိုအပ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူ လူငယ်အားလုံးကို အားကစားလိုက်စားပြီး သက်ရှည်ကျန်းမာကြံ့ခိုင်စွာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်မည့်အနာဂတ်သားကောင်းရတနာများဖြစ်အောင် ကြိုးစားကျင့်ကြံသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မောင်တို့ မယ်တို့သည်တက္ကသိုလ်ကျောင်းသားကျောင်းသူအားကစားသမားများဖြစ်ကြသည်နှင့်လျော်ညီစွာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည့်အခါ စည်းကမ်းရှိရှိ၊ နည်းစနစ်ခိုင်ခိုင်မာမာ၊ အားကစားစိတ်ဓာတ်အပြည့်အဝနှင့် ကြိုးပမ်းအားထုတ်ယှဉ်ပြိုင်ကြရင်း နိုင်ငံတော်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် နိုင်ငံတော်၏ ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေကြောင်း၊ ဆုတံဆိပ်အသီးသီးကိုလည်း ဆွတ်ခူးရရှိပြီး နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဖြစ်အောင် ကြိုးစား၍ အောင်မြင်မှုများ ရရှိနိုင်ကြပါစေကြောင်းနှင့် တက္ကသိုလ်အားကစားလောက တစ်ခေတ်ဆန်းသစ်နိုင်ကြပါစေကြောင်း ပြောကြားပြီး "၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့များသည် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ Exercise Dance၊ Physical Fitness Dance၊ ပန်းဖွားအကနှင့် ကရင်ဒုံးယိမ်းအကတို့ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

၁၁၆၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း၊အားကစားရုံများနှင့် လေ့ကျင့်ရေးဘောလုံးကွင်းများ၌ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်ပေါင်းစုံမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား စုစုပေါင်း ၁၁၆၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၉

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အကောင်အထည်ဖော်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်၊ ကျင့်ဝတ်အပါး (၃၀) တို့ကိုလည်း လိုက်နာစောင့်ထိန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေး (၃)ပါးကို မထိခိုက်စေဘဲ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးတို့မှ မျှော်လင့်တောင့်တနေသည့် တိုင်းပြည်သာယာဝပြောရေးကို ဖြစ်ပေါ်လာစေမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းများတွင် ဝန်ထမ်းများအားလုံးက မိမိတို့ကျရာကဏ္ဍမှ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများသည် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စီမံကိန်းပါအချက်များကို ပြည်နယ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အရည်အချင်းကို စဉ်ဆက်မပြတ် တိုးတက်စေရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေး (၃)ပါးပါ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်း လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာ လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများအတွက် DTH Sky Net တစ်စုံစီနှင့် ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ရခိုင်တိုင်းရင်းသားရိုးရာ စာအုပ်စာတမ်းများကို ပြည်နယ်ဝန်ကြီးထံ လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

တောင်ငူမှ အထူးကုဆရာဝန်ကြီးများ အုတ်တွင်းမြို့နယ်သို့ ကွင်းဆင်းဆေးကုသ

အုတ်တွင်း ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန တောင်ငူမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းကို ယနေ့နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆေးကုသရာတွင် ဆေးပညာဌာန၊ ခွဲစိတ်ဌာန၊ သားဖွားမီးယပ်ဌာန၊ ကလေးဌာန၊ ထိခိုက်ဒဏ်ရာနှင့် အရိုးဌာန၊ မျက်စိဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာန၊ အရေပြားဌာန၊ သွားနှင့် ခံတွင်းဌာန၊ ရောဂါဗေဒဌာနနှင့် ဓာတ်မှန်ဌာနတို့မှ လာရောက်ဆေးကုသမှုခံယူကြသောလူနာ ၄၀၃ ဦးအား ကုသပေးခြင်းနှင့် အသေးစားခွဲစိတ်မှုများပြုလုပ်ခဲ့ပြီး လွှဲပြောင်းကုသရန် လိုအပ်သည့် လူနာများကိုလည်း တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသရာသို့ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် ဆေးအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အား ရိုးရာအစဉ်အလာနှင့်အညီ မနောအကစုပေါင်းဆင်နွှဲ၍ ဖွင့်လှစ်ပေး

မြစ်ကြီးနား ဇန်နဝါရီ ၉

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ဌာနေတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းကို ဖော်ထုတ်ပြသသည့် မနောအကဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာသံစုံတီးဝိုင်း၊ ဩ့ကြိုသီချင်း၊ ဩ့ကြိုအကတို့ဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲတော်အား ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပနိုင်ရေး ကက်သလစ်အသင်းတော်မှ ဖာသာတန်ဂျီးက ကျမ်းစာပိုဒ်ဖတ်ကြားဆုတောင်းခြင်း၊ သိက္ခာတော်ရဆရာ ဦးဇေဖုန်းချန်းက ဆုတောင်းဆက်ကပ်အပ်နှံခြင်း၊ သီတာနှစ်ခြင်းအသင်းတော် သိက္ခာတော်ရဆရာ ဦးမဒိန်ဇုန်းကျန်းက ကောင်းချီးပေး ဆုတောင်းခြင်းများ ဆောင်ရွက်ကြပြီး ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲနှင့် မနောပွဲအား စတင်ကြောင်း ကြေညာကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က မနောပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စုခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့်ဗမာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအက ဦးဆောင်သူနောင်ရှောင်(Nau Shawng)များ၏ ဦးဆောင်မှုနှင့်အတူ ရိုးရာအစဉ်အလာနှင့်အညီ မနောကွင်းအတွင်း မနောအကကို တပျော်တပါး စုပေါင်းဆင်နွှဲသည်။**(အောက်ပုံ)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများနှင့် ဟင်းသီးဟင်းရွက်နှင့် ဒေသထွက်ကုန်ပစ္စည်း ပြခန်းများကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ကောင်စီဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း တည်ဆောက်လျက်ရှိသည့် ဗလမင်းထင် အမှတ်(၂)တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားကွင်းအတွင်းရှိ ငြိမ်းချမ်းသာယာရေကူးကန်သို့ သွားရောက်ပြီး အခြေခံရေကူးနည်း သရုပ်ပြခြင်းနှင့် အသက်အရွယ်အလိုက် ရေကူးနည်း လေးမျိုးဖြင့် ရေကူးပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုရရေကူးအားကစားသမားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ ရှောရပ်ကွက်အတွင်းရှိ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ပြီး ယဉ်ကျေးမှုပြတိုက်အတွင်း ဌာနေတိုင်းရင်းသားတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ လူမှုအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ တူရိယာပစ္စည်းများ စသည့် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကိုလည်းကောင်း၊ ရမ်ပူရပ်ကွက်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းဖြစ်သည့် ဂျိန်းဖော့သူ ရက်ကန်းရုံ၌ ကချင်ရိုးရာ အဝတ်အထည်များကို စက်ရက်ကန်း၊ လက်ရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုများကိုလည်းကောင်း၊ မြို့သစ်ကြီးရပ်ကွက်အတွင်း MSME လုပ်ငန်းတစ်ခုဖြစ်သည့် တစ်နေရာတည်းတွင် ဝန်ဆောင်မှု အပြည့်အဝပေးနိုင်သည့် Safe & Sure Auto Service Centre ၌ ခေတ်မီစက်ပစ္စည်းများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ပွဲသို့ တက်ရောက်ကြသည်။*စာမျက်နှာ ၇ သို့*

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနချုပ်၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) မှ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) မှ ဆက်ဆံရေးဌာနမှူး စောကျော်သန်းငွေ၊ မွန်ပြည်သစ်ပါတီ (NMSP) မှ ဗဟိုဖွံ့ဖြိုးရေးဌာန ဒုတိယတာဝန်ခံ နိုင်ညီညီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ဗဟိုဦးစီးကော်မတီဝင် နန်းစံဖောင်းတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စား KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စား ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) ဆုရ ၂၂ ဦးကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) ဆုရရှိသူ ၁၆ ဦးနှင့် အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းများမှ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲဆုရရှိသူများနှင့် စီမံခန့်ရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ဆုရသူ ခုနစ်ဦးတို့ကို ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဘောလုံးကွင်းအတွင်း (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ အမျိုးသား/ အမျိုးသမီး ဂိုးလတ်ဘောလုံးပြိုင်ပွဲ၊ Fitness Dance ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအေးကျော် သာပေါင်းမြို့နယ်၌ တည်ဆောက်လျက်ရှိသော ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်နှင့်အတူ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး အသုတ်မြို့ရှိ ၂၃၀ ကေဗွီ အသုတ်ပင်မ ဓာတ်အားခွဲရုံသို့ရောက်ရှိ၍ ဓာတ်အားခွဲရုံ၏ Switch Yard အတွင်း ၆၆ ကေဗွီ Switch Bay အသစ်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလွှတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဓာတ်အားလွှတ်ပစ္စည်းများအား ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်မှာကြားကာ ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဒရယ်ကူးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ၆၆/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသစ် တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ကျန်ရှိသော မြို့ပြတည်ဆောက်ရေးလုပ်ငန်း၊ မြေသားလုပ်ငန်းနှင့် လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများကို အချိန်ဇယားဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေး၊ ဓာတ်အားလွှတ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်အားသုံးစွဲမည့် ကျေးရွာ ၃၆ ရွာ အတွင်း/ အပြင် ဓာတ်အားလိုင်းများ အချိန်ကိုက်အပြီးသတ်စစ်ဆေးရေး၊ ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပန်းတနော်မြို့ရှိ Global Earth (GEAAI) သို့ ရောက်ရှိရာ စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်နေမှုကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြရာ လိုအပ်သည်များ မှာကြားသည်။

ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ရှိ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၉ ရက်က ပဲခူးမြို့ အမှတ်(၂)မူလတန်းကြိုကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၂)မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ရည်ရွယ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မသန်စွမ်းကလေးများနှင့်ပတ်သက်၍ ရရှိနိုင်သည့် အခွင့်အရေးများ၊ ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများနှင့် အကာအကွယ်တို့ တန်းတူညီတူရရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေနိုင်ရေးနှင့် ကလေးသူငယ်အခွင့်အရေး (၄) ရပ် စသည်တို့ကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းငွေက ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဲခူးမြို့ အမှတ်(၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

သက်ထက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဒေါက်တာမှုထန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတို့သည် ယမန်နေ့ ညနေပိုင်းတွင် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက ဒေသခံပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဤဆေးရုံကြီးသည် ကချင်ပြည်နယ် ဒေသခံပြည်သူလူထုအားကိုးသည့် ဆေးရုံကြီးဖြစ်သည့် အားလျော်စွာ ဆေးရုံကြီး၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ဆောင် ပြည်သူ့ဆေးရုံကြီးဖြစ်အောင် ဆက်လက်ကြိုးစားသွားစေ လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊ ပြည်သူများ စိတ်ချမ်းသာစွာဖြင့် အရည်အသွေးပြည့်ဝသည့် ကုသမှု ခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထု အကျိုးရှိစေရန် ရည်ရွယ်၍ ပြည်သူ့ဆေးရုံကြီးများတွင် ဓာတ်ခွဲ၊ ဓာတ်မှန်၊ ရောဂါရှာဖွေရေးလုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးကုသမှုလုပ်ငန်းအပြင် လူနာများအား နွေးထွေးပျူငှာစွာဆက်ဆံရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှထောက်ပံ့သည့် ဆေးနှင့် ဆေးပစ္စည်းများကို ဒေသခံပြည်သူလူထု အကျိုးရှိစေရေး သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ ဆေးရုံဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး တို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့်အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ် ကုသရေးဦးစီးဌာန/ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၊ မူးယစ်ဆေးစွဲရောဂါကု ဆေးရုံ၊ ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန စသည်တို့မှ ကျန်းမာရေးဝန်ထမ်းများ၊ မိုးညှင်း၊ ဝိုင်းမော်၊ မိုးကောင်းမြို့နယ်များမှ ဆေးရုံအုပ်/မြို့နယ်ကုသရေးဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၄) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံ ရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၄) (Myanmar Pathology Conference 2024) ဖွင့်ပွဲအခမ်းအနားကို "Pathology Updates in Theranostic Era" ဆောင်ပုဒ်နှင့်အညီ ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ်(၁) ရန်ကုန် လမ်းမတော်ဝင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့် ဘာသာရပ်ဆိုင်ရာ တိုးတက်မှုများကို လက်လှမ်းမီ သိရှိနိုင်ရန် ယခုကဲ့သို့နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ဓာတ်ခွဲ စစ်ဆေးမှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရန်နှင့် လိုအပ်သည့် စက်ပစ္စည်းနှင့် ဓာတ်ဆေးပစ္စည်းများကို ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးပညာဘာသာရပ်နယ်ပယ်အသီးသီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိနေစေရန်နှင့်

ပညာရှင်တစ်ဦးစီ၏ ပညာရပ်ဆိုင်ရာ အရည်အသွေး (Academic quality) ကျင့်ဝတ်နှင့် တာဝန်ယူတတ်မှု (professional ethic, duty and responsibility)၊ ပရဟိတစိတ်နှင့် လူသားဆန်မှု (Humanity) ပြည့်စုံရန်လိုကြောင်း။

ယခုကျင်းပသည့် မြန်မာနိုင်ငံ ရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၄) တွင် မြန်မာနိုင်ငံမှ ရောဂါဗေဒပညာရှင်ကြီးများ၊ နိုင်ငံတကာမှ ရောဂါဗေဒပညာရှင်များ၊ မျိုးဆက်သစ်ရောဂါဗေဒ ပညာရှင်များ တက်ရောက်ကြပြီး ရောဂါဗေဒပညာရပ်နယ်ပယ်သစ် တိုးတက်ဖြစ်ထွန်းမှုများ၊ လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများ၊ ရောဂါဗေဒပညာရပ်၏ ပင်မရောဂါရှာဖွေရေးကဏ္ဍကို ကျော်လွန်ပြီး ကုသမှုအပိုင်းတွင် စွမ်းဆောင်နိုင်မှုများကို ဆွေးနွေးကြမည်ဖြစ်ပြီး သုတေသနစာတမ်းများကိုလည်း ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် ရောဂါရှာဖွေကုသခြင်း နယ်ပယ်အတွက် အလွန်တန်ဖိုးရှိပါကြောင်း၊ ရောဂါဗေဒပညာရှင်များ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့်အတူ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး တိုးတက်မြင့်မားလာမည်ဟု ယုံကြည်ပါကြောင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို ပြည်သူ့ဆေးရုံများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ပြည်သူလူထုအတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။

နှီးနှောဖလှယ်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် အသင်းများမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုအဆင့်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးများ၊ ရောဂါဗေဒဘာသာရပ် နာယကအငြိမ်းစားဆရာ၊ ဆရာမကြီးများ၊ ရောဂါဗေဒဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ရောဂါဗေဒဆရာဝန်များအပါအဝင် ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အကြိုအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ ကျင်းပခဲ့ပြီး နှီးနှောဖလှယ်ပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဇန်နဝါရီ ၁၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အိမ်မဲမြို့နယ်၌ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

အိမ်မဲ ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၈ ရက်က ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ ပြည်သူ့ကျန်းမာရေးနှစ်ထပ်ရုံးနှင့် အစည်းအဝေးခန်းမ တည်ဆောက်ရေးလုပ်ငန်း၊ ကြို့ကုန်း ကျေးလက်ကျန်းမာရေးဌာန၊ ခလောက်သိုက် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အင်းတမိသက္ကယ်ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ ကြည့်ရှုခဲ့ပြီး ဆေးခန်း အဆောက်အအုံ သာယာလှပရေးနှင့် ဆေးခန်းသုံးပစ္စည်း လိုအပ်ချက်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

လိပ်သိုမြို့၌ ရိုဘတ်စတာကော်ဖီသီးများ ဈေးကောင်းရရှိ

လိပ်သို ဇန်နဝါရီ ၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုဒေသသည် တောင်ပေါ်ဒေသဖြစ်သည့်အားလျော်စွာ နှစ်ရှည်သီးနှံပင်များကို အဓိကထား စိုက်ပျိုးကြရာ ရိုဘတ်စတာကော်ဖီသီးများ (ဒေသအခေါ် ကော်ဖီအသေးများ) ကိုလည်း စီးပွားဖြစ် စိုက်ပျိုးထားကြပြီး ကော်ဖီသီးများရင့်မှည့်ချိန် ဈေးကောင်းရရှိနေကြောင်း သိရသည်။

လိပ်သိုဒေသတွင် ရိုဘတ်စတာကော်ဖီပင်များကို သဘာဝမြေဩဇာများကိုသာ အသုံးပြုကာ စိုက်ပျိုးထားကြကြောင်း၊ ကော်ဖီသီးများကို အပင်ငါးနှစ်သားအရွယ်ခန့်တွင် စတင်ဆွတ်ခူး ရောင်းချနိုင်ကြောင်း၊ တစ်ပင်လျှင် အနှစ် ၂၀ မျှကြာအောင် အသီးသီးကြောင်း၊ ကော်ဖီသီးများကို အစို၊ အခြောက်ပြုလုပ်၍ ရောင်းချကြကြောင်း ကော်ဖီစိုက်ပျိုးသူ တစ်ဦးထံမှ သိရသည်။

ဒေသထွက်ကော်ဖီသီးများကို ယခုလ ဒုတိယအပတ်တွင် လေးထောင့်ပုံး အကြီး/အသေးအပေါ်မူတည်၍ ကော်ဖီ အစိုသီး တစ်ပုံးလျှင် ငွေကျပ် ၁၁၀၀၀ မှ ၁၅၀၀၀၊ ကော်ဖီသီးအခြောက် အခွံပါ တစ်ပုံးလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ အထိ ဈေးရရှိနေကြောင်း သိရသည်။

ခင်လေးနွယ် (လိပ်သို)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့နယ်၊ ဆီအောကျေးရွာ၏ မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း(ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက်သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်ပြီး အများပြည်သူမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချနေမှုများ၊

အကြမ်းဖက်သောင်းကျန်းသူများ၏ ၁၀ နှစ်အရွယ် ကလေးငယ်များပါမချန် အတင်းအဓမ္မလူသစ်စုဆောင်းနေမှုအခြေအနေများ၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား လက်ခံတွေ့ဆုံခဲ့မှုခရီးစဉ်အတွင်း နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည့် အခြေအနေများ၊

မြဝတီမြို့အနီးရှိ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ KNU မှ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောင်လိမ်ပြောင်စား ကြေညာချက်ထုတ်ပြန်မှု၊

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားပြည်သူများ၊ မိသားစုဝင်များ လုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်နေမှု အခြေအနေများ၊

အကြမ်းဖက်သောင်းကျန်းသူများ၏ တရုတ်ဘာသာဖြင့်အသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာများတွင် ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဝင်ရောက်ရေးသားကန့်ကွက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ လောက်ကိုင်ဒေသ စီအောကျေးရွာရဲ့မြောက်ဘက် ဆင်ဦးကင်းတောင် ပွိုင့် ၂၂၀၂ မှာရှိတဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်း အမြတ်တနိုးတန်ဖိုးထားတဲ့ ဘုရားစေတီတော်ကို MNDAA အကြမ်းဖက်သောင်းကျန်းသူတွေက ဖျက်ဆီးနေတဲ့ပုံကို မနေ့ကတည်းက လူမှုကွန်ရက်စာမျက်နှာတွေမှာ ပျံ့နှံ့နေတာတွေ့ရပါတယ်။ ဒီနေ့မှာတော့ မန္တလေးမြို့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆန္ဒပြမှုများလည်းရှိပါတယ်။ ဒီတင်ထားတဲ့ ဗီဒီယိုဖိုင်ကို ကြည့်တဲ့အခါမှာလည်း ဗုဒ္ဓဘာသာဝင်အားလုံးကို လှောင်ပြောင်စော်ကား၊ ဘာသာရေးကိုစော်ကားတဲ့ပုံစံ၊ မြန်မာတစ်မျိုးသားလုံးကို စော်ကားတဲ့ပုံစံ တင်ထားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သောင်းကျန်းသူတွေဘက်ကတော့ အကြောင်းအမျိုးမျိုးပြကြတာပေါ့။ သို့သော်ယခင်ကတည်းက ဘုရားစေတီတွေ၊ ကျောင်းကန်တွေကို သောင်းကျန်းသူတွေအနေနဲ့ ဖျက်ဆီးတဲ့ အထောက်အထားအများအပြား ရှိပါတယ်။ အနီးစပ်ဆုံးပြောရရင် မူဆယ်မြို့အဝင်မှာရှိတဲ့ ရပ်တော်မူဘုရားကျောင်းဝင်း၊ ဘုန်းကြီးကျောင်းဝင်းကို Drop Bomb နဲ့ အကြောင်းမဲ့ ပစ်ချခဲ့တာတွေ ရှိပါတယ်။ ဒါ့အပြင် အခြားသော သောင်းကျန်းသူတွေအနေနဲ့လည်း ဗုဒ္ဓဘာသာဝင်ဘုရားစေတီတွေအပေါ်မှာ အကာအကွယ်ယူပြီး ပစ်ခတ်တာတွေ၊ ခံစစ်စခန်းလုပ်တာတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့ပုံစံတွေက သူတို့ပြောနေတဲ့ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးနဲ့ လားလားမျှ သက်ဆိုင်ခြင်းမရှိပါဘူး။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအပေါ်မှာ သက်သက်စော်ကားခြင်း၊ စော်ကားပြခြင်းဖြစ်ပါတယ်။ ဒါတွေ ဘာကြောင့်ဖြစ်ရလဲဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေကြားထဲမှာ သွေးကွဲနေမှုတွေကို သပ်လျှိုတာ၊ သွေးကွဲနေမှုတွေအပေါ်မှာ အခွင့်ကောင်းယူတာ ဖြစ်ပါတယ်။ ဒါတွေကို သတိရှိကြဖို့လိုပါတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ သူတို့ခေတ္တရရှိသွားတဲ့ နယ်မြေတွေမှာ လူသစ်စုဆောင်းတာတွေ အတင်းအဓမ္မဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါတယ်။ ကွတ်ခိုင်နဲ့တစ်ဝိုက်မှာဆိုရင် ၁၀ နှစ်အရွယ်ရှိတဲ့ ယောကျ်ားလေးဆိုရင် သောင်းကျန်းသူတပ်ဖွဲ့ထဲမှာ ပညာသင်ပေးမယ်၊ ပညာရရမယ်ဆိုပြီး ဆွဲဆောင်စည်းရုံးနေတာတွေရှိပါတယ်။ အတင်းအဓမ္မလူသစ်စုဆောင်းတာတွေ ရှိပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာရှိနေတဲ့ နေရပ်စွန့်ခွာပြီး ထွက်ပြေးလာကြတဲ့လူတွေ များပြားနေတာကိုလည်း တွေ့ရပါတယ်။ သူတို့လွှမ်းမိုးထားတဲ့နယ်မြေအတွင်းမှာရှိနေတဲ့ ယောကျ်ားလေးဆိုရင် တိုက်ခိုက်ရေးတပ်ထဲဝင်ရမယ်။ အမျိုးသမီးတွေဆိုရင် အထောက်အကူပြုတပ်ဖွဲ့ Drone တပ်ဖွဲ့ထဲဝင်ရမယ်ဆိုပြီး အတင်းအဓမ္မ လူသစ်စုဆောင်းနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ အကြမ်းဖက်သောင်းကျန်းသူတွေ အမြဲတမ်း ဆောင်ရွက်နေတဲ့ အရာတွေဖြစ်ပါတယ်။ ဒီဖြစ်စဉ်အမှန်တွေကိုလည်း ပြည်ဖျက်မီဒီယာတွေက ဖုံးဖိပြီးဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်နိုင်ငံရဲ့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Sun Weidong မြန်မာနိုင်ငံကို လာရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့တာရှိပါတယ်။ ဒီနေရာမှာတော့

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပုံမှန်သတင်းစာရှင်းလင်းပွဲမှာလည်း ပြောရေးဆိုခွင့်ရှိသူအနေနဲ့ မြန်မာနိုင်ငံမြောက်ပိုင်း ပဋိပက္ခတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ ရပ်တည်ချက်ကို ပြောကြားသွားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို တရုတ်နိုင်ငံအနေနဲ့ အမြဲတမ်းအခိုင်အမာ ထောက်ခံအားပေးပြီး ပြဿနာဖြစ်အောင် လှုံ့ဆော်နေတဲ့ ဘယ်အဖွဲ့အစည်းကိုမှ ထောက်ခံမှာ မဟုတ်ပါဘူးလို့ ပြောကြားခဲ့တာရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများဟာ မြန်မာနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးရဲ့ အကျိုးစီးပွားအတွက်ဖြစ်ပြီး တရုတ် – မြန်မာနယ်စပ်ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာမှာ အထောက်အကူဖြစ်စေရမည်လို့ ပြောကြားခဲ့တာရှိပါတယ်။ မြေပြင်အခြေအနေမှာ တင်းမာမှုတွေ ပြေလျော့ပြီးတော့မှ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစပျိုးဖို့ မြန်မာနိုင်ငံမြောက်ပိုင်း အခြေအနေများ ပြန်လည်တည်ငြိမ်စေဖို့ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ပြောကြားခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ယခင်ကတည်းက ကျွန်တော်တို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ထဲမှာ ပြည်ထောင်စုစနစ်နဲ့၊ ဖက်ဒရယ်စနစ်နဲ့သွားဖို့အတွက် ကျွန်တော်တို့ ရည်မှန်းထားပြီးဖြစ်ပါတယ်။ ဒီဟာတွေသည် နိုင်ငံရေးအရ တောင်းဆိုရမယ့်အရာ ဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ပွင့်လင်းစွာ ပြောဆိုပြီးဖြစ်ပါတယ်။ သို့သော်ခုနကပြောသလို လက်နက်ကိုင်သောင်းကျန်းမှု၊ လက်နက်ကိုင်နယ်မြေလုမှုတွေကနေ လက်နက်ကိုင်ပြီး ဘာသာရေးကိုပါ စော်ကားတဲ့ တစ်မျိုးသားလုံး အမြတ်တနိုးထားတဲ့ ဘာသာရေးကိုပါ စော်ကားတဲ့အပြုအမူများနဲ့ သွေးတိုးစမ်းလာတာတွေသည် မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် မြန်မာပြည်သူတစ်ရပ်လုံးကို စော်ကားခြင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် များစွာသော စိတ်ထိခိုက်မှု ဖြစ်ရပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြီးတွန်းလှန်သွားရမယ်။ ပြန်လည်ပြီး သွေးစည်းသွားရမယ်။ ပြန်လည်ပြီး ညီညွတ်သွားရမှာ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဝင်ရောက်ဆောင်ရွက်ကူညီပေးတာကို မြန်မာနိုင်ငံအနေနဲ့ အမြဲတမ်း ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ယခင်တုန်းက ကျွန်တော်တို့ ပြောနေကျဖြစ်တဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေး ဒီမူဝါဒတွေကို လက်ခံထားတဲ့အပြင် တရုတ်နိုင်ငံ သမ္မတကြီး ရှီကျင်းဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ လုံခြုံရေးအစီအမံ၊ လူသားယဉ်ကျေးမှုအစီအမံ အကောင်အထည်ဖော်ခြင်းတွေကို မြန်မာနိုင်ငံအနေနဲ့ ထုတ်ပြန်ပြီးမကြာခင်မှာပဲ ဦးစွာထောက်ခံမှုပြုခဲ့တဲ့ နိုင်ငံဖြစ်ကြောင်းလည်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့မူဝါဒအတိုင်းပဲ အိမ်နီးနားချင်းနိုင်ငံနဲ့ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ ပြည်သူလူထုအပေါ်မှာ အကျိုးစီးပွားထိခိုက်အောင်လုပ်တဲ့ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမှ မြန်မာမြေပေါ်မှာ အခြေချပြီး လုပ်ကိုင်ခွင့်ပေးမှာမဟုတ်ပါဘူး။ နောက်တစ်ခုကတော့ ကေကေပတ် ကိစ္စဖြစ်ပါတယ်။ မြဝတီမြို့ရဲ့တောင်ဘက်မှာ ကေကေပတ်ဆိုတဲ့ နေရာတစ်ခုရှိပါတယ်။ ဒီနေရာသည် KNU နဲ့ ကုမ္ပဏီတစ်ခုနဲ့ လက်မှတ်ထိုးပြီးတည်ဆောက်ခဲ့တဲ့ နေရာဖြစ်ပါတယ်။ ဒီနေ့မှာ KNU အနေနဲ့ ပညာတတ်ထုတ်တဲ့ပုံစံမျိုး လုပ်ခဲ့တာတွေ့ရပါတယ်။ ပြောင်လိမ်ပြောင်စားလုပ်တဲ့ပုံစံမျိုး လုပ်ခဲ့တာတွေ့ရပါတယ်။ မြဝတီမြို့အနီးမှာရှိတဲ့ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်ကိစ္စတွေနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံအစိုးရ၊ တရုတ်အစိုးရတို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုတဲ့ဟာမျိုး ထုတ်ပြန်ခဲ့တာရှိပါတယ်။ ပြောင်လိမ်ပြောင်စား လုပ်ဆောင်ခြင်းသာဖြစ်တယ်လို့ ကျွန်တော်ပြောကြားလိုပါတယ်။ အဲဒီမှာနာမည်ကြီးနေတဲ့ အွန်လိုင်းလောင်းကစားမှု၊ လူမှောင်ခိုလုပ်မှု နာမည်ကြီးနေတဲ့ ကေကေပတ်ဆိုတာသည် သူတို့နဲ့ကုမ္ပဏီတစ်ခုနဲ့ လက်မှတ်ထိုးပြီးတည်ဆောက်ထားတဲ့ နေရာသာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အားလုံး သတိရှိရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ လက်တလောမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာတော့ မိသားစုဝင်များ လုံခြုံရေးအတွက်ဦးစားပေးပြီး လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို လုပ်ဆောင်ခဲ့ရတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း အချိန်အခါကိုက်ပြီး ပြည်ဖျက်မီဒီယာများ၊ အဖွဲ့အစည်းအမျိုးမျိုးက တပ်မတော်ကို သွေးခွဲလှုံ့ဆော်နေတာတွေရှိကြောင်း တွေ့ရပါတယ်။ သပ်လျှိုသွေးခွဲနေတာတွေလည်း တွေ့ရပါတယ်။ ဒါ့အပြင် ခုနကပြောသလို မြန်မာနိုင်ငံအတွင်းမှာ မြန်မာအချင်းချင်း မညီညွတ်မှုကို အကြောင်းပြုပြီး သပ်လျှိုသွေးခွဲမှုမျိုးစုံ လုပ်နေတာရှိပါတယ်။ ဒီလိုသွေးကွဲမှုတွေကြောင့်ပဲ ဒီနေ့ဒီအချိန်မှာ တစ်မျိုးသားလုံးတန်ဖိုးထားရတဲ့ ဘာသာတရားကို တိုက်ရိုက်ထိပါးစော်ကားတဲ့ အပြုအမူမျိုးတွေအထိလုပ်လာတာ တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီဟာတွေသည် ဒါတွေနဲ့ပတ်သက်ပြီး ပြည်ပမီဒီယာတွေမှာလည်း အမျိုးမျိုးရေးသားနေတာ တွေ့ရပါတယ်။ MNDAA ၊ TNLA သောင်းကျန်းသူတွေနဲ့ပတ်သက်ပြီး လော်ဘီလုပ်နေတဲ့ တရုတ်လူမှုကွန်ရက်စာမျက်နှာများကိုလည်း တွေ့ရပါတယ်။ ဒီလူမှုကွန်ရက်စာမျက်နှာတွေကို သွားရောက်လေ့လာကြည့်တဲ့အခါမှာ ဒီမြန်မာနိုင်ငံထဲမှာရှိတဲ့ သတင်းတွေကို ဒီ MNDAA ၊ TNLA ကိုယ်တိုင်ဦးစီးပြီး လုပ်ဆောင်နေတာ တွေ့ရမယ်။

စာမျက်နှာ ၁၀ သို့

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၁၀၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထား ပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ရှင်းလင်းဖြေကြား

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားပြီး ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလှူငွေများပေးအပ်လှူဒါန်း

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ဖူးမြော်လေ့လာကြည်ညို

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနဝ္ဒဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အဦများကို ဆက်လက် ဖူးမြော်လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပုဗ္ဗသီရိမြို့နယ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မော်လမြိုင်မြို့ သီလရှင်စာသင်တိုက်မှ ဆရာလေးများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၉ မှ

သို့သော် အဲဒီမှာ ထူးခြားချက်က ကျွန်တော်တို့ မြန်မာပြည်တွင်းမှာပဲ နေထိုင်နေတဲ့၊ ဒီနယ်မြေတွေမှာ လက်တွေ့နေထိုင်နေတဲ့ တရုတ်လူမျိုးတွေ၊ တရုတ်စာတတ်တဲ့သူတွေက အောက်မှာ ကွန်းမန့်တွေ ရေးထားတာတွေ့ရပါတယ်။ အဲဒီကွန်းမန့်တွေကို လေ့လာကြည့်တဲ့အခါမှာ သူတို့ရဲ့သဘောထားတွေနဲ့မတူဘဲ လုံးဝဆန့်ကျင်နေတာကို တွေ့ရပါလိမ့်မယ်။ သူတို့အနေနဲ့ လွတ်မြောက်ရေးဆိုတဲ့ စကားတွေ၊ ကျားဖြန့်တိုက်ဖျက်ရေးဆိုတဲ့ စကားတွေ တွင်တွင်သုံးစွဲပေမယ့် အဲဒီမှာ လက်တွေ့ရှိနေတဲ့ တရုတ်နိုင်ငံသားတွေ၊ တရုတ်စကားတတ်တဲ့သူတွေအနေနဲ့ ဒါတွေသည် ကျားဖြန့်ကိုအကြောင်းပြတဲ့ လိမ်လည်မှုတွေသာဖြစ်တယ်။ ဘာမှ ငါတို့နယ်မြေလွတ်မြောက်စရာမရှိဘူး။ ငါတို့နယ်မြေသည် အရင်ကတည်းကတိုင် ငါတို့နေတဲ့နေရာတွေသည် လွတ်မြောက်ပြီးသားဖြစ်တယ်။ ဒီ MNDAA ,TNLA သောင်းကျန်းသူတွေလုပ်လို့သာ ငါတို့ရဲ့စီးပွားရေး၊ လူမှုရေးပျက်ပြားရတယ်။ ဒ့ါအပြင် Comment တွေကို ထောက်ခံတဲ့သူတွေအပေါ်မှာလည်း ထပ်ပြီး ဒီထောက်ခံတဲ့သူတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ အရေးကို ဘာမှမသိဘဲနဲ့ ထောက်ခံနေတာဖြစ်တယ်။ လက်တွေ့မြေပြင်မှာသိတာ ငါတို့ပဲရှိတယ်။ ငါတို့သည် မြန်မာပြည်သူတွေနဲ့ တစ်သွေးတစ်သားတည်းဖြစ်တယ်။ မြန်မာပြည်မှာ နေထိုင်လာတာ လည်းကြာပြီဆိုတဲ့ အရေးအသားမျိုးတွေကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေသည် နယ်မြေခံလူထုမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း ပြောခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူလူထုလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့လုံခြုံရေးစနစ်၊ ပြည်သူ့ကာကွယ်ရေးစနစ်တွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပိုမိုပြီးလုံခြုံတဲ့၊ ပိုမိုပြီး ကာကွယ်နိုင်တဲ့ စနစ်များကို ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကလိုအပ်ချက်က ကျွန်တော်တို့ ပြည်သူလူထုပဲဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ပြည်သူ့လုံခြုံရေးစနစ်၊ ကာကွယ်ရေးစနစ်တွေမှာ မိမိတို့တတ်စွမ်းသမျှ ပါဝင်ခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ကျွန်တော်တို့တန်ဖိုးထားရတဲ့ ဘာသာတရားကို ကာကွယ်စောင့်ရှောက်သွားဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မုံရွာ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ပညာရေးမှူး ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက မုံရွာမြို့ရှိအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၀ ရက်တွင် ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပြိုင်ပွဲများ၊ ပြခန်းများ၊ ဖျော်ဖြေပွဲများပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်တွင် ပထမပိုင်း၊ ဒုတိယပိုင်းခွဲ၍ ၂၀၂၃ - ၂၀၂၄ ခုနှစ်အတွင်း ပညာရေးနှင့်စပ်လျဉ်းပြီး ပြိုင်ပွဲအသီးသီးတို့တွင် နိုင်ငံတော်အဆင့်၊ ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့် ဆုရရှိသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ဖျော်ဖြေခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာသာသနာတော်ကြီးလည်း အစွန့်ရှည်တည်တံ့ပြီး မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာ ကိုးကွယ်ယုံကြည်ကြတာကို ကမ္ဘာကို ထင်ထင်ရှားရှား ပြသနိုင်ခဲ့ပါတယ်

ဦးလှထွန်း

ဦးလှမြင့်


ဦးမျိုးမြင့်

ဦးလှထွန်း

ဦးမြင့်လွင်

ဦးမျိုးမင်း

ေနပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လာရောက်ဖူးမြော်ကြသည်။

အဆိုပါဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အဦများကို လှည့်လည်ဖူးမြော် ကြည်ညိုလေ့လာကြပြီး ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အဦများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

ဦးလှမြင့် (ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်)

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ စီမံခန့်ခွဲမှုနဲ့ စေတနာကြောင့် အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရတာပါ။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဘုရားစေတီ ၂၈ ဆူရဲ့ ဂေါပကအဖွဲ့တွေကို ကားသုံးစီးနဲ့ ဒုတိယအကြိမ်မြောက် ပို့ဆောင်ဖူးမြော်စေခြင်း ဖြစ်ပါတယ်။ ကျွန်တော်က မာရဝိဇယဘုရားကို အရင်တစ်ကြိမ် ဖူးမြော်ဖူးပြီးပါပြီ။ ကျွန်တော်က ဒုတိယအကြိမ် ဖူးမြော်ကြည်ညိုခွင့်ရတာဖြစ်ပါတယ်။ ဒီလိုဖူးမြော်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဖူးမြော်မဝနဲ့ ကြည်ညိုသပ္ပာယ်လွန်းလှပါတယ်။

ဗိသုကာလက်ရာတွေကို ခေတ်သစ်ရဲ့ နည်းပညာတွေနဲ့ သာသနာတော်အတွက် ကမ္ဘာမှာ ထင်ရှားတဲ့ အရာတစ်ခုဖြစ်အောင် ထုဆစ်ကိုးကွယ်ထားတာကို အံ့မခန်းဖူးမြော်ရပါတယ်။ အခုလိုအကောင်အထည်ဖော်ပေးတဲ့ ဦးဆောင်ဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ တာဝန်ယူဆောင်ရွက်ကြရတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ လက်ရှိစီမံခန့်ခွဲမှုတွေ ဆောင်ရွက်နေတဲ့ အကြီးအကဲတွေနဲ့ သက်ဆိုင်ရာဂေါပကအဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါတယ်။ လက်ရှိဆောင်ရွက်နေကြတဲ့ တာဝန်ရှိသူတွေ၊ ဂေါပကတွေ၊ ဦးစီးကော်မတီက တာဝန်ရှိသူတွေကို ဘုရားဖူးလာသူတိုင်းကို ကြည်ညိုဖွယ်ဖြစ်အောင် ဂုဏ်ယူရအောင် ဘုရားကို ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကမ္ဘာမှာဉာဏ်တော်အမြင့်ဆုံးရုပ်ပွားတော်ကို အခုလိုတည်ထားကိုးကွယ်တဲ့အတွက် ဘုရားဖူးပြည်သူတစ်ယောက်အနေနဲ့၊ ဂေါပကအဖွဲ့ဝင်အနေနဲ့ အင်မတန် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘုရားရဲ့ ထိန်းသိမ်းရေးအပိုင်းမှာ လိုအပ်တဲ့ အကြံဉာဏ်ကောင်းတွေကို မျှဝေပေးသွားမှာဖြစ်ပါတယ်။ ကျယ်ဝန်းလှတဲ့ ဘုရားပရိဝုဏ်ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပေးပြီး နှစ်ပေါင်းရာထောင် တည်တံ့နိုင်မယ်လို့ ယူဆမိပါတယ်။

ဦးမျိုးမြင့် (ဦးစီးကော်မတီဥက္ကဋ္ဌ၊ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး)

ကျွန်တော်တို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဘုရားတွေရဲ့ ဂေါပကအဖွဲ့တွေ၊ ဦးစီးကော်မတီတွေကို နေပြည်တော်မှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုဖို့ စီစဉ်ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ပထမတစ်ဖွဲ့တုန်းက အင်အား ၁၀၀ နဲ့ လာခဲ့ကြပြီး အခုကျွန်တော်တို့က လာတာက ဒုတိယအဖွဲ့ဖြစ်ပါတယ်။ အခုဒုတိယအဖွဲ့မှာ ဂေါပကအဖွဲ့၊ ဦးစီးကော်မတီအဖွဲ့တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့ပါ ၁၁၅ ဦးကို ကားသုံးစီးနဲ့ စီစဉ်ဆောင်ရွက်ပေးပြီး လာရောက်ဖူးမြော်ကြည်ညိုတာ ဖြစ်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စကျင်ကျောက်တော်ကြီး စတင်သယ်ယူပြီး ထုဆစ်တဲ့အထိကို တီဗွီထဲမှာ တွေ့ရပါတယ်။ နောက်ပိုင်း ဘုရားအနေကဇာတင်ပွဲတွေ၊ ဘုရားပွဲတွေကိုလည်း တီဗွီမှာတွေ့ရတယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျဖူးမြော်ချင်လို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ဖူးမြော်ကြည်ညိုတာဖြစ်ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတော့ တီဗွီထဲမှာ ဖူးမြော်ရတာထက်ကို ပိုပြီး ကြည်ညိုသဒ္ဓါပွားရပါတယ်။

ကမ္ဘာပေါ်မှာ အကြီးဆုံးသော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရှိနေတာဟာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ ဘာသာအတွက် အင်မတန် ဂုဏ်ယူရပြီး ကမ္ဘာတည်သရွေ့ တည်တံ့မယ့် အနေအထားဖြစ်မှာပါ။ အခုလိုမျိုး တည်ထားကိုးကွယ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ဂေါပကအဖွဲ့တွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးလှထွန်း (ဂေါပကအဖွဲ့ဝင်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီ)

ဒီခရီးစဉ်ဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အထူးအစီအစဉ်အဖြစ် ရန်ကုန်မြို့ ပတ်ဝန်းကျင်မှာရှိတဲ့ ဘုရားစေတီတော်အားလုံးက ဂေါပကအဖွဲ့အဖွဲ့ဝင်တွေကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး နေပြည်တော်မှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုဖို့ အထူးစီစဉ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ရုပ်ပွားတော်မြတ်ကြီးဟာ ဘယ်လောက်ကြီးကျယ်ခမ်းနားတယ်ဆိုတာ တီဗွီမှာ အကြိမ်ကြိမ်ဖူးမြော်ခဲ့လို့ သိရှိပြီးဖြစ်ပါတယ်။ အခုလို ကိုယ်တိုင် လာရောက်ဖူးမြော်ရတဲ့အခါမှာ ကျွန်တော်တို့အဖွဲ့တွေကို လှိုက်လှိုက်လှဲလှဲ ခရီးဦးကြိုပြုပြီး ရုပ်ပွားတော်မြတ်ကြီး စတင်သယ်ယူထုဆစ်ပုံအဆင့်ဆင့်ကို ပြီးပြည့်စုံစွာ ရှင်းပြပေးပါတယ်။ ရှင်းပြတာကြားရတော့ ရုပ်ပွားတော်မြတ်ကြီးကို အခက်အခဲတွေ ကျော်လွှားပြီး တည်ထားကိုးကွယ်ခဲ့ရတာ သိရှိရတယ်။

နိုင်ငံတော် အကြီးအကဲတွေကနေစပြီး အဆင့်ဆင့်သော တာဝန်ရှိသူတွေဟာ ဘယ်လောက်အားထည့်ပြီး တည်ထားကိုးကွယ်ခဲ့တယ်ဆိုတာကိုပါ သိရှိရတော့ ပိုပြီးကြည်ညိုသဒ္ဓါစိတ် ဖြစ်မိပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာသာသနာတော်ကြီးလည်း အစွန့်ရှည်တည်တံ့ပြီး မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာ ကိုးကွယ်ယုံကြည်ကြတာကို ကမ္ဘာကိုထင်ထင်ရှားရှားပြသနိုင်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာသာသနာတော်ကို များစွာ အထောက်အကူဖြစ်တယ်ဆိုတာကို တွေ့ရတာကြောင့် အင်မတန် ဝမ်းသာပီတိဖြစ်ရပါတယ်။

ဦးမြင့်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥက္ကလာပစေတီတော်မြတ်ကြီး)

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်အောင် ထုဆစ်ပုံဖော်နိုင်တဲ့ စွမ်းအား၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ စေတနာသဒ္ဓါတရား၊ နိုင်ငံတော်အကြီးအကဲရဲ့ စီမံခန့်ခွဲမှုနဲ့ သဒ္ဓါတရားတွေကို အင်မတန် အံ့သြချီးကျူးမိပါတယ်။ ပညာရှင်တွေကျတော့လည်း သူတို့ တတ်စွမ်းသမျှ ပညာတွေကို အစွမ်းကုန်ထုတ်သုံးပြီးတော့ လုပ်ထားတာတွေကို လေ့လာရတဲ့အတွက် အင်မတန်ဝမ်းသာ ဂုဏ်ယူရပြန်ပါတယ်။ ကျွန်တော်တို့အဖွဲ့လည်း ဒီကနေ စီမံခန့်ခွဲတဲ့အပိုင်းတွေကို အတုယူပြီးတော့ ဥက္ကလာပစေတီတော်မြတ်ကြီးမှာ ပိုပြီးတော့ အများကြည်ညိုဖွယ်ဖြစ်အောင် ကြိုးစားပြီးတော့ ဆောင်ရွက်သွားပါမယ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓဘာသာနိုင်ငံအသီးသီးကနေ ဆရာတော်ကြီးတွေ ကြွရောက်ပြီးတော့ ဗုဒ္ဓါဘိသေက အနေကဇာတင်တာ တွေ့ရတော့ အင်မတန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဗုဒ္ဓဘာသာသာသနာကြီး မြန်မာပြည်မှာ အစွန့်ရှည်တည်တံ့ဖို့အတွက် အားလုံးက သဒ္ဓါတရား ထက်သန်စွာနဲ့ ကြိုးစားဆောင်ရွက်ခဲ့လိုသာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာဗိသုကာ ပညာရှင်တွေရဲ့ စုပေါင်းစွမ်းအား၊ နိုင်ငံတော်အကြီးအကဲရဲ့ စီမံခန့်ခွဲမှုအားနဲ့ ဒီရုပ်ပွားတော်မြတ်ကြီးမှာ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာတွေကို မြန်မာပညာရှင်တွေနဲ့ အစဉ်အဆက်ထိန်းသိမ်းနိုင်အောင်၊ အားလုံးက အတုယူဖွယ်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

ဦးမျိုးမင်း (ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်)

အခုလိုဂေါပကအဖွဲ့ဝင်တွေစုစည်းပြီး မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို လာရောက် ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ အခုဘုရားဖူးလာတော့ ကျွန်တော်တို့အဖွဲ့ကို ရှင်းလင်းဆောင်မှာ ဘုရားကြီးနဲ့ ပတ်သက်ပြီး တည်ထားကိုးကွယ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြသပါတယ်။

ဘုရားကြီး တည်ထားကိုးကွယ်ရတဲ့ ရည်ရွယ်ချက်တွေကို ရှင်းပြပါတယ်။ ကျွန်တော် မှတ်သားမိတာက မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာရဲ့ဗဟိုချက်မ ဖြစ်စေဖို့ဆိုတဲ့ အချက်တစ်ချက်ကို ကြားသိမှတ်သားလိုက်ရပါတယ်။ ကမ္ဘာပေါ်မှာ ထေရဝါဒဗုဒ္ဓဘာသာဝင် ငါးနိုင်ငံရှိတယ်လို့ လေ့လာမှတ်သား သိရှိရပါတယ်။ ဒီငါးနိုင်ငံမှာ မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားဆုံးသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့ ဂုဏ်ဒြပ်နဲ့အညီ ဒီကနေ့ကျွန်တော်တို့ နေပြည်တော်မှာ ဘုရားဝင်းအကျယ် ၂၅၅ ဧကမှာ ပလ္လင်တော်နဲ့ ဉာဏ်တော်အမြင့် ၈၁ ပေရှိတဲ့ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးကို တည်ထားတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့အထူးပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဖူးမြော်ရတာလည်း အင်မတန်မှကို ပီတိဖြစ်မိပါတယ်။

ရုပ်ပွားတော်မြတ်ကြီး တည်ထားတဲ့အခါမှာလည်း အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံနဲ့ အတိမ်းအစောင်းမခံတဲ့ တည်ထားမှု လုပ်ငန်းစဉ်တွေကို လေ့လာမှတ်သား သိရှိရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်တွေက နည်းပညာအပြည့်အစုံနဲ့ အဘက်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး ဘုရားကြီးကို တည်ထားပေးတဲ့အတွက် လေးစားဂုဏ်ယူမိပါတယ်။

ရန်ကုန်က ဂေါပကအဖွဲ့ဝင်တွေ စုစည်းပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို စုပေါင်းလာရောက် ဖူးမြော်ခွင့်ရတာဟာ အင်မတန်တန်ဖိုးရှိပါတယ်။ ရှင်းပြတဲ့နေရာမှာလည်း သာသနိကအဆောက်အဦ အခင်းအကျင်း၊ ဘုရားကြီးနဲ့ ပတ်သက်တဲ့ အချက်အလက်များကို လေ့လာမှတ်သားရပါတယ်။ အခုဘုရားဖူးခရီးစဉ်က ဂေါပကအဖွဲ့ ဝင်တစ်ဦးအနေနဲ့ အင်မတန်မှကို တန်ဖိုးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူများ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဂေါပကအဖွဲ့တွေသာမက နောက်မှာကျန်ရှိတဲ့ ဂေါပကရုံးအဖွဲ့တွေလည်း ဖူးမြော်ခွင့်ရပြီး အခုလိုဘုရားကြီးအကြောင်း ရှင်းလင်းပြောပြတာကို ကြားသိခွင့်ရရင် ပိုပြီးတန်ဖိုးရှိမယ်လို့ အကြံပြုချင်ပါတယ်။

တွေ့ဆုံမေးမြန်း - အောင်ဂျိုင်း

ဓာတ်ပုံ - ကိုရဲ

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများ တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၉

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ကချင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး၌ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများကို ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစာရင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်မှုတို့ စစ်ဆေးခြင်းတို့အပြင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်းကို စစ်ဆေးလျက်ရှိပါကြောင်း၊ ထိုသို့ စစ်ဆေးရာတွင် လျာထားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သုံးသပ်အကြံပြုချက်များအပေါ် ပြုပြင်ပြောင်းလဲမှုများ၊ အရေးယူဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်နိုင်စေရေးအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို အချိန်မီ ထုတ်ပြန်နိုင်ရန် စီမံကြိုးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ခံမှု၊ တာဝန်ယူမှုကို ခိုင်မာအားကောင်းစေသည့် အရေးပါသောကဏ္ဍမှ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့လုပ်ငန်းတာဝန်များ၏ လေးနက်မှုကို သိရှိနားလည်ပြီး အပြန်အလှန် လေးစားမှုဖြင့် ပေါင်းစပ်ညှိနှိုင်း၍ အဂတိကင်းစွာ ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးများမှ တာဝန်ခံအရာထမ်းများက လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု စာရင်းစစ်ချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ကချင်ပြည်နယ် စာရင်းစစ်ချုပ်ရုံးဝင်းအတွင်းရှိ လမ်းများ အဆင့်မြှင့်တင်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ကချင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး သက်ပြည့်ပင်စင်ခံစားသည့် အငြိမ်းစားဝန်ထမ်း ၃၅ ဦးအား ဂါရဝပြုဆုချီးမြှင့်ခြင်းနှင့် ထူးချွန်ဝန်ထမ်းများနှင့် သွေးလှူရှင်များအတွက် ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ် ရေးထိုးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့် က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma က နားလည်မှု စာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး (ဝဲပုံ) အပြန်အလှန်လဲလှယ်ကြသည်။

Quick Impact Projects (QIP) သည် စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ခွင့်ပြုပေးပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာများအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ တိုက်ရုံကျေးရွာအနီး ကုန်းမြင့်လယ်ယာဘက်စုံသုံးခန်းမ (၆၀ x ၃၀ x ၁၂) ပေ Steel Structure တစ်ထပ် တည်ဆောက်ခြင်း၊ လဟယ်-နန်းယွန်း ၃ မိုင် ၆ ဖာလုံ လမ်းခွဲမှ လောင်ကျန်းနောက်ကုန်း-တိုက်ရုံ-လန်ထိန်လမ်းခွဲကြား ပေ ၂၀ နှစ်လွှာ တစ်ထပ်ဘေလီတံတား တစ်စင်းနှင့် (၅ x ၅ x ၂၆) ပေ Box Culvert လေးစင်း တည်ဆောက်ခြင်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

လေ့ကျင့်မှုပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခုလေ့ကျင့်မည့် မြန်မာ့လက်ရွေးစင် အသင်းတွင် **ဂိုးသမား** - ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ ဇင်ညီညီအောင်၊ **နောက်တန်း၊** သက်ဟိန်းစိုး၊ သီဟထက်အောင်၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း၊ ငြိမ်းချမ်း၊ ကောင်းထက်ပိုင်၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ **အလယ်တန်း**-ခွန်ကျော်ဇင်ဟိန်း၊ မောင်မောင်လွင်၊ ဥက္ကာနိုင်၊ မြတ်ကောင်းခန့်၊ လင်းထက်စိုး၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ အာကာကျော်၊ အောင်နိုင်ဝင်း၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ **ရှေ့တန်း**-ကျော်ကိုကို၊ ဝင်းနိုင်ထွန်းနှင့် သူရိန်ထွန်းတို့ ပါဝင်ကြသည်။ ယခုလေ့ကျင့်ခန်း အစီအစဉ်သို့ ပြည်ပကလပ်များတွင် ကစားနေသည့် ကစားသမား အချို့အပါအဝင် ပြည်တွင်းကလပ်အသင်းများမှ ကစားသမားအများစု ပါဝင်မည်ဖြစ်ပြီး စုစုပေါင်း ၂၈ ဦး ရွေးချယ်ထားသည်။

ယခုလေ့ကျင့်မည့် ကစားသမားစာရင်းတွင် ထိုင်းကလပ်များတွင် ကစားနေသူများအနက် အောင်သူ၊ အောင်ကောင်းမာန်၊ သန်းပိုင်၊ အီစိုး၊ လွင်မိုးအောင်၊ ဟိန်းဖြိုးဝင်း၊ ကမ္ဘောဒီးယားလိဂ်မှ စိုးမိုးကျော်၊ သီဟဇော်၊ ဘူတန်လိဂ်မှ အောင်ကျော်နိုင်၊ ဒဏ်ရာရှိနေသည့် ပြည်တွင်းလိဂ်မှ နန္ဒကျော်၊ ထက်ဖြိုးဝေ၊ နေမိုးနိုင်တို့ မပါဝင်နိုင်သေးဘဲ ဒုတိယအကြိမ် လေ့ကျင့်မှုမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ-သော်လေး

မုံရွာခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံဧက ၁၀၂၃၄၀ စိုက်ပျိုးပြီးစီး

မုံရွာ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၀၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၀၆၇၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ၁၀၂၃၄၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မုံရွာခရိုင်မှာ ဆောင်းကုလားပဲဧက ၁၀၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့အထိ ဧက ၁၀၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်၍လည်း စိုက်ပျိုးလျက်ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးပါတယ်” ဟု ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးက ပြောသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဆောင်းကုလားပဲစိုက်ပျိုးပြီးစီးမှု အနေဖြင့် မုံရွာမြို့နယ်တွင် ၁၆၅၄၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၈၆၃၈ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၅၂၁၁၀ နှင့် အရာတော်မြို့နယ်တွင် ၄၈၄၅ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၇၇၉၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၂၇၂၈၀၊ ဘုတလင်မြို့နယ်တွင် ၅၂၃၉၄ ဧကနှင့် အရာတော်မြို့နယ်တွင် ဧက ၉၂၆၀ ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခင်နှစ် ကုလားပဲစိုက် တောင်သူများအား ကုလားပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ခရိုင်(ပြန်/ဆက်)

ဝန်ကြီးချုပ်ဟာဆီနာ အနိုင်ရပြီးနောက် ဘင်္ဂလားဒေ့ရှ်အတိုက်အခံများနှင့် တင်းမာမှုမြင့်တက်လာနိုင်ဟု လေ့လာသူများဆို

ဒါကာ ဇန်နဝါရီ ၉

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ အာဏာရပါတီနှင့် အတိုက်အခံပါတီများအကြား ထိပ်တိုက်တွေ့ဆုံမှု ပြင်းထန်လာဖွယ်ရှိပြီး နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လုံခြုံရေးအခြေအနေဆိုးရွားသည်အထိ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသူများက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တနင်္ဂနွေနေ့က ပြုလုပ်သော အထွေထွေရွေးကောက်ပွဲတွင် အဓိကအတိုက်အခံပါတီက သပိတ်မှောက်ထားသည်။ ဝန်ကြီးချုပ် ဟာဆီနာဦးဆောင်သော အာဏာရပါတီက နေရာအများစုကို အနိုင်ရရှိခဲ့ကြောင်း နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်က ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတကြောင်းနှင့် လာမည့် ငါးနှစ်အတွက် အရေးကြီးသည်မှာ နိုင်ငံ၏ စီးပွားရေးအား မြှင့်တင်ရန် ဖြစ်ကြောင်း ဟာဆီနာက ပြောသည်။ မဲမသမာမှုများနှင့် အာဏာရပါတီကို ဆန့်ကျင်သည့်အနေဖြင့် ပြင်းထန်သောဆန္ဒပြပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း အဓိကအတိုက်အခံပါတီက ပြောကြားထားပြီး ဟာဆီနာက အတိုက်အခံခေါင်းဆောင်များနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းကာ တုံ့ပြန်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ကမ္ဘာတွင် အလွန်ဆင်းရဲသည့် နိုင်ငံများအနက် စီးပွားရေးလျင်မြန်စွာ တိုးတက်လာသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့သည်။ အတိုက်အခံ တက်ကြွလှုပ်ရှားသူ ၁၀၀၀၀ နီးပါးနှင့် အခြားသူများကို ဖမ်းဆီးထိန်းသိမ်းထားပြီး ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့က ဝေဖန်ထားသည်။

အင်န်အိတ်ချ်ကေ

လျှင်ဒုက္ခသည်များကို ပိုမိုကူညီသွားမည်ဖြစ်ကြောင်း ကီရှီဒါပြော

တိုကျို ဇန်နဝါရီ ၉

ဂျပန်ဝန်ကြီးချုပ်က ဂျပန်ကမ်းရိုးတန်းတွင် တည်ရှိသည့် အီရှီကာဝါခရိုင် နိုတိုကျွန်းဆွယ်၌ လှုပ်ခဲ့သည့် အဖျက်စွမ်းအားကြီးမားသည့်နှစ်သစ်လျှင်ဒဏ်မှ ရှင်သန်ကျန်ရစ်သူများအတွက် ခိုလှုံရေးစခန်းများ ပိုမိုတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လျှင်ဒဏ်ခံဒေသများရှိ လူနေထိုင်မှုအဆင့်အတန်းများမှာလည်း တိုးတက်သင့်ကြောင်း ကီရှီဒါဖူမီယိုက ပြောကြားသည်။

ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည့် ဂျပန်အစိုးရ အရေးပေါ်ဘေးဒုက္ခသည်များဆိုင်ရာလုပ်ငန်းအစည်းအဝေးတွင် ကီရှီဒါက ပြောခဲ့သည်။

လျှင်ကြောင့် လူတချို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ တစ်ယောက်ချင်းစီကို ကယ်တင်ပေးရန် လိုသေးကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်မှုများ ဆက်လက် လုပ်ဆောင်ရန်လိုသေးကြောင်း ၎င်းက ပြောသည်။ ထို့အပြင် သီးခြားရှိနေသည့် လျှင်ဒဏ်ခံ ဒုက္ခသည်များအတွက်လည်း ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရမည်ဖြစ်ကြောင်း ကီရှီဒါက ပြောသည်။

လက်ရှိဖွင့်လှစ်ပေးထားသော လျှင်ဒုက္ခသည် စခန်းများရှိ သန့်ရှင်းရေး စနစ်များမှာလည်း ယိုယွင်းပျက်စီးလျက်ရှိကြောင်းနှင့် စိုးရိမ်မှုများလည်း ကြီးထွားလျက်ရှိကြောင်း၊ လျှင်လှုပ်ခဲ့သော ခရိုင်တွင်းနှင့်ခရိုင်ပြင်ပများတွင် ခိုလှုံရေးစခန်းများ ပိုမိုလုပ်ဆောင်ပေးရန်လည်း ဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။ အများပြည်သူဆိုင်ရာ အဆောက်အအုံ နေရာထိုင်ခင်းများနှင့် တည်းခိုခန်းများကိုလည်း အသုံးပြုသင့်ကြောင်း ၎င်းကပြောသည်။

နေထိုင်မကောင်း ဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် တခြား လျှင်ဒဏ် ဆိုးရွားစွာခံစားနေရသူများကို ထိပ်တန်းဦးစားပေး အနေဖြင့် လုပ်ဆောင်သင့်ကြောင်းနှင့် ပိုမိုပြည့်စုံကောင်းမွန်သည့် နားခိုရာစခန်းများသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ကျန်းမာရေး ကျွမ်းကျင်သူများကိုလည်း လျှင်နားခိုရေးစခန်းများတွင် ပိုမိုဖြည့်ဆည်းတာဝန် ပေးသင့်ကြောင်းနှင့် နေထိုင်မကောင်း ဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့မှ ကာကွယ်ရန်အတွက် အပူပေးပစ္စည်းများနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများကို မြန်မြန်ဆန်ဆန်ဖြန့်ဝေပေးရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

အစိုးရသည် လျှင်ဒဏ်ခံစားနေရသူများ အလုပ်ဆက်လက်ရရှိရေးလည်း ကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် လျှင်ဒဏ်ခံစားနေရသူများ ကြုံတွေ့ခံစားနေရသည့် အခက်အခဲများကိုလည်း ဖော်ပြခဲ့သည်။ သက်ဆိုင်ရာ အစိုးရအေဂျင်စီများသည် လျှင်ဒဏ်ခံစားနေရသူများနှင့် အနီးကပ်ဆက်သွယ်ဆောင်ရွက်ရန် ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

လက်ဘနွန်တွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကို အရှိန်မြှင့်လိုက်ခြင်းက ဒေသတွင်းပဋိပက္ခကို မီးလောင်ရာလေပင့်မှုဖြစ်စေ

ဂါဇာ ဇန်နဝါရီ ၉

အစ္စရေး တပ်ဖွဲ့ဝင်များသည် အိမ်နီးချင်းနိုင်ငံတွင် ၎င်းတို့၏ ထိုးစစ်ကို အရှိန်မြှင့်တင်လျက်ရှိသောကြောင့် အစ္စရေးတို့၏ တိုက်ခိုက်မှုတွင် အဆင့်မြင့်အဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း လက်ဘနွန်အခြေစိုက် ရှီးယားစစ်သွေးကြွအုပ်စု ဟစ်ဇ်ဘိုလာတို့က ဇန်နဝါရီ ၈ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံမြောက်ပိုင်းတွင် တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံလျက်ရှိသော အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဟစ်ဇ်ဘိုလာတို့သည် ဆိုးရွားသည့် အမှားတစ်ခုကို လုပ်ဆောင်ခဲ့ကြောင်း ပြောသည်။ အစ္စလာမ္မစ် အုပ်စုများကို ဆန့်ကျင်သည့် စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း အစ္စရေးဝန်ကြီးချုပ်က ၎င်း၏ ဆုံးဖြတ်ချက်ကို ဖော်ပြခဲ့သည်။ အစ္စရေးလုပ်သမျှ တိုင်းသည် မြောက်ပိုင်းတွင် ငြိမ်းချမ်းရေးကိုပြန်လည်ထိန်းသိမ်းရန်အတွက်သာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးစစ်ဘက်၏ စစ်ဆင်ရေးများ ချဲ့ထွင်လာခြင်းသည် ဂါဇာကမ်းမြောင်ဒေသရှိ တိုက်ပွဲများကို အရှိန်မြှင့်နိုင်စေပြီး ဒေသတွင်းပဋိပက္ခကို ပိုမိုကျယ်ပြန့်လာမည့်အပေါ် စိုးရိမ်မှုများ မြင့်တက်လာစေသည်။

အစ္စရေးတို့၏ မြေပြင်ဝေဟင်ထိုးစစ်များကို ဂါဇာကမ်းမြောင်ဒေသတွင် ဇန်နဝါရီ ၈ ရက်က ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

အစ္စရေးစစ်ဘက်က ခန်ယွန်နစ်မြို့တောင်ပိုင်းရှိ ဟားမားစ်တို့၏ လက်နက်သိုလှောင်ရုံများ အပါအဝင် အဆောက်အအုံပေါင်း ၃၀ ခန့်ကို ပစ်မှတ်ထားခဲ့ကြောင်း ကြေညာခဲ့သည်။ အစ္စရေးစစ်ဘက်က အစ္စလာမ္မစ်အုပ်စုတိုက်ခိုက်ရေးသမားများကို သုတ်သင်ခဲ့ကြောင်း ထပ်မံပြောကြားခဲ့သည်။

ဂါဇာအလယ်ပိုင်းရှိ မာဂါဇီ ဒုက္ခသည်ခိုလှုံရေး စခန်းလည်း ဗုံးဒဏ်ကို ဆိုးရွားစွာကြုံတွေ့ခဲ့ကြောင်း ဒေသတွင်းပါလက်စတိုင်းမီဒီယာက ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတို့၏ တိုက်ခိုက်မှုတွင် ပါလက်စတိုင်း ၂၄၉ ဦး သေဆုံးမှု အပါအဝင် စုစုပေါင်းပါလက်စတိုင်း သေဆုံးသူဦးရေမှာ ယခုအခါတွင် ၂၃၀၈၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေး အာဏာပိုင်များက ဇန်နဝါရီ ၈ ရက်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

အစ္စရေးနယ်စပ်အနီး လက်ဘနွန်နိုင်ငံတောင်ပိုင်း ခါးကီလာရွာကို အစ္စရေးက တိုက်ခိုက်ပြီးနောက် မီးခိုးလုံးများ တလိပ်လိပ်တက်လာပုံကို ဇန်နဝါရီ ၉ ရက်က တွေ့ရစဉ်။

ဗီယက်နမ်အလယ်ပိုင်း၌ မီးလောင်မှု သုံးဦး သေဆုံး

ဟန္နိုင်း ဇန်နဝါရီ ၉

ဗီယက်နမ်အလယ်ပိုင်းကုန်းမြင့်ဒေသပြည်နယ် ဂီယာလိုင်၌ အိမ်ငှားချထားသော နေအိမ်တစ်လုံးတွင် မီးအကြီးအကျယ်လောင်ခဲ့ရာ လူသုံးဦးသေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူများမှာ အသက် ၄၅ နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် ၁၅ နှစ်ရှိ မိန်းကလေးငယ် တစ်ဦးဖြစ်သည်။ မီးထဲတွင် သေဆုံးခဲ့သည့် နောက်ထပ် အမျိုးသားတစ်ဦးကို မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုလျက်ရှိသည်။

အငှားချထားသော အိမ်သည် အတွင်းဘက် စတုရန်းမီတာ ၂၀ လောက်အထိ အဝတ်အထည်များ၊ လျှပ်စစ်စက်ဘီးတစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီးဖြင့် ပြည့်လျက်ရှိသည်။ ပိုင်ဆိုင်မှုများ မီးထဲတွင် ပါသွားခဲ့ကြောင်း ဒေသမီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ မီးလောင်မှုပေါင်း အကြိမ် ၃၄၄၀ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၄၆ ဦး သေဆုံးခဲ့ပြီး ၁၀၉ ဦး ဒဏ်ရာရရှိခဲ့သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ ဓာတ်လိုက်မှုကြောင့် သုံးဦးသေဆုံး

နယူးဒေလီ ဇန်နဝါရီ ၉

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနတ်တာကာပြည်နယ်တွင် ဇန်နဝါရီ ၈ ရက် အစောပိုင်းက ရုပ်ရှင်သရုပ်ဆောင် တစ်ဦး၏ နဖူးစည်းစာတန်းကို ပြုပြင်ရန်ကြိုးပမ်းစဉ် လူသုံးဦး ဓာတ်လိုက်သေဆုံးပြီး အခြား သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲအရာရှိတစ်ဦးက ဖုန်းဖြင့် အတည်ပြုပြောသည်။

အခင်းဖြစ်ပွားရာ နေရာမှာ ကာနတ်တာကာပြည်နယ်ဂါဒက်ဂ်ခရိုင်၌ဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို နယ်မြေခံဆေးရုံသို့ ပို့ဆောင်ထားပြီး ၎င်းတို့၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ရုပ်ရှင်သရုပ်ဆောင်၏ ပရိသတ်များက အဆောက်အအုံတစ်ခု၏ သတ္တုပေါင် တစ်ခုအတွင်း၌ နဖူးစည်းစာတန်းကို ပြုပြင်ရန် ကြိုးပမ်းစဉ် ဗို့အားမြင့်ဓာတ်ကြိုးနှင့် ထိတွေ့ကာ ဓာတ်လိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲအရာရှိ၏ ပြောကြားချက်အရ သိရသည်။

ဆင်ဟွာ

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ကလေးအလုပ်သမားကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုရှိစေနိုင်သော အလုပ်၊ ပညာရေးကို အနှောင့်အယှက်ဖြစ်စေသော အလုပ်၊ ကျောင်းတက်ရမည့် အခွင့်အရေးကို ပိတ်ပင်စေသော အလုပ်၊ အချိန်မတိုင်မီ မဖြစ်မနေ ကျောင်းထွက်စေသည့်အလုပ်၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သော အလုပ်ကို အချိန်ကြာမြင့်စွာ လုပ်ရသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးများကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ငယ်ရွယ်နုပျိုစဉ်တွင် ကျောင်းတက်၍ အတတ်ပညာ၊ အသိပညာ ရှာဖွေမှု မပြုလုပ်နိုင်ဘဲ ကလေးသူငယ်အခွင့်အရေးဆုံးရှုံးမှုများကို တားဆီးကာကွယ်နိုင်ရန် လိုအပ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည့် ဗလငါးတန်နှင့် ပြည့်စုံသော ကလေးသူငယ်များဖြစ်လာရန် တာဝန်ရှိသူများနှင့် မိဘဆရာသမားများ၊ သက်ဆိုင်ရာသူများက လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ပထမငါးနှစ် စီမံချက်မှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြီးဆုံးသွားပြီ ဖြစ်ပါကြောင်း၊ ဒုတိယ ငါးနှစ်စီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်) ကို အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းစီမံချက်များကို အတွင်းရေးမှူးနှင့် ညှိနှိုင်းပြီး သင့်တော်မည့်ရက်တွင် တင်ပြကြစေလိုပါကြောင်း၊ အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီ ရှစ်ရပ်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီများက အမျိုးသားအဆင့် ပထမငါးနှစ်စီမံချက် (၂၀၁၉-၂၀၂၃ခုနှစ်) လုပ်ငန်းဆောင်ရွက်မှု နှစ်ပတ်လည် အစီရင်ခံစာကိုအမျိုးသားကော်မတီထံ တင်ပြသွားရန်လည်းရှိပါကြောင်း၊ လာမည့် ငါးနှစ်စီမံချက်အတွက် သက်ဆိုင်ရာကော်မတီဝင် ဌာနအဖွဲ့အစည်းများက အသေးစိတ်လုပ်ငန်း စီမံချက်များကိုရေးဆွဲပြီး အမျိုးသားကော်မတီထံ ဇန်နဝါရီလအတွင်း တင်ပြနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ ငါးနှစ်စီမံချက် (၂၀၂၄ - ၂၀၂၈ ခုနှစ်) ရေးဆွဲရာတွင် အခြေခံရမည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ မီဒီယာမှတစ်ဆင့် အသိပညာပေး အစီအစဉ်များ ထုတ်လွှင့်နိုင်ရေး၊ လုပ်ငန်းရှင်များအား အသိပညာပေးရေးနှင့်ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

နေပြည်တော် ဇန်နဝါရီ ၉

မွေးမြူရေး ပညာရပ်ဆိုင်ရာ ပြည်ပသင်တန်းအတွေ့အကြုံများ ဆွေးနွေးဖလှယ်ခြင်းကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် “(၁၁) ကြိမ်မြောက် တစ်ခုတည်းသော ကျန်းမာရေးဆိုင်ရာ နွေရာသီဆွေးနွေးပွဲ”၊ ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် “ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ရေနေသတ္တဝါများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ”၊ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် “အာဆီယံဒေသတွင်း ကူးစက်ရောဂါဖြစ်ပွားမှု စူးစမ်းလေ့လာခြင်းနှင့် အရေးပေါ်တုံ့ပြန်မှု သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” များ၌ သက်ဆိုင်ရာဒေသအလိုက် ကိုယ်စားလှယ်များ၏ ဆွေးနွေးခဲ့မှုများနှင့်ပတ်သက်၍ ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အလားတူ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် “ရေထွက်ကုန်ပစ္စည်း ထုတ်ကုန်များဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုမြှင့်တင်ခြင်းဆိုင်ရာ အစည်းအဝေး” တွင် ဆွေးနွေး ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းတင်ပြ သည်။

ထို့နောက် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ပို့ချခဲ့သည့် “ငါးလုပ်ငန်းကဏ္ဍအတွက် ဇီဝတွက်ချက်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူခြင်း ဒေသတွင်းသင်တန်းနှင့် R-Statistical Program ကို အသုံးပြု၍ ငါးမျိုးစိတ်အရေအတွက် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ ခန့်မှန်းတွက်ချက်ခြင်း ဒေသတွင်းသင်တန်း” တွင် တက်ရောက်လေ့လာခဲ့မှုနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖွင့်လှစ်ပို့ချခဲ့သည့် “တိရစ္ဆာန်များတွင် ဖြစ်ပွားသော ဘရူဆဲလ်လားရောဂါ စစ်ဆေးခြင်းနှင့် သွင်ပြင်လက္ခဏာများ စစ်ဆေးခြင်းဆိုင်ရာသင်တန်း” တက်ရောက်လေ့လာခဲ့မှု အတွေ့အကြုံများကို သက်ဆိုင်ရာ သင်တန်းသားများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိရာ သဘာဝသယံဇာတ အရင်းအမြစ်များကို ထိခိုက်မှုမရှိစေဘဲ ထုတ်လုပ်မှုပမာဏနှင့် ထုတ်ကုန်အရည်အသွေး တိုးတက်ရေးအတွက် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးချနိုင်ရေးကို ပညာရှင်များအပိုင်းက ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

အက်စ်တွန်ဗီလာ အသင်းကို ရင်ဆိုင်သွားရမည် ဖြစ်သည်။ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်း က လိဂ်ဝမ်းကလပ် ဝီဂန်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သော မန်ယူအသင်းက နယူးပို့သ်ကောင်တီ သို့မဟုတ် အက်စ်တဲလ်အိတ် အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လီဗာပူး အသင်းက နော့ဝှစ်ချ် သို့မဟုတ် ဘရစ္စတိုးလ်ရိုဗာ အသင်းနှင့် ယှဉ်ပြိုင်သွားရ မည်ဖြစ်ပြီး ဝက်ဖို့ဒ်က ဆောက်သမ်တန်၊ ဘလက်ဘန်းက ဝရက်ဇ်ဟမ်၊ ဘုန်းမောက်က ဆွမ်ဆီး၊ ဝက်စ်ဟမ်း သို့မဟုတ် ဘရစ္စတိုးလ်စီးတီးက နော်တင်ဟမ်ဖောရက်စ် သို့မဟုတ် ဘလက်ပူး၊ လက်စတာက ဟူးလ် သို့မဟုတ် ဘာမင်ဂမ်၊ ရှက်ဖီးလ် ဝင့်စ်ဒေးက ကိုဗင်ထရီ၊ အစ်ဆွစ်က မိတ်စတုန်း၊ လိဒ်စ်က ပလိုင်း မောက်၊ ပဲလေ့စ် သို့မဟုတ် အဲဗာတန်က လူတန် သို့မဟုတ် ဘော်လ်တန်၊ ရှက်ဖီးလ်ယူနိုက် တက်က ဘရိုက်တန်၊ ဖူလ်ဟမ်က နယူးကာဆယ် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အောင်ဇော်

ပြင်ဦးလွင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

ပြင်ဦးလွင် ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမိုးဆွေနှင့်သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဖြူလူသစ် (ပြန်/ဆက်)

တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀ (ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ MSME ချေးငွေများ ထုတ်ချေးရာတွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဦးစားပေးအနေဖြင့် ထုတ်ချေးမည်ဖြစ်ပါသည်-

(က) တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊
(ခ) နိုင်ငံ၏ပို့ကုန်ဝင်ငွေတိုးတက်စေသည့်လုပ်ငန်းများ၊
(ဂ) ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ထုတ်လုပ်သောလုပ်ငန်းများ၊
(ဃ) သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊
(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊
(စ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊
(ဆ) လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ်ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊
(ဇ) ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေးမြှင့်တင်နိုင်သည့် လုပ်ငန်းများ၊

၃။ MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	သတ်မှတ်ချက်
၁	MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ	အသေးစားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀)သန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၅၀)သန်း၊ အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀၀)သန်း၊ (မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုခု၏ CGI စနစ်ဖြင့် ရယူထုတ်ချေးလိုပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။)
၂	ချေးငွေအတိုးနှုန်းနှင့်သက်တမ်း	(က) Fixed Capital အနည်းဆုံး (၃၀%) နှင့်အထက် အသုံးပြုမည့်ချေးငွေအတိုးနှုန်း တစ်နှစ်လျှင်(၃%) နှင့် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊ (ခ) Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေ အတိုးနှုန်း တစ်နှစ်လျှင် (၄%) နှင့် ချေးငွေသက်တမ်း အများဆုံး (၁)နှစ် (၆)လ၊ (ဂ) CGI စနစ်ဖြင့် ထုတ်ချေးမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၅%)၊ (CGI စနစ်ဖြင့်ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း တစ်နှစ်လျှင် (၅%) အပြင် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုခု၏ ပရီမီယံကြေးနှုန်းကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)
၃	ချေးငွေအတွက်အာမခံ	ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေလုံခြုံမှုအတွက် အာမခံပေးအပ်ရပါမည်။

၄။ MSME ချေးငွေလျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

(က) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသော SME Member Card (သို့မဟုတ်) ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သက်တမ်းရှိလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြသနိုင်သူ ဖြစ်ရမည်။
(ဂ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (The Myanmar Companies Law) အရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။
(ဃ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသောစီးပွားရေးအခြေအနေရှိရမည်။
(င) ဤချေးငွေကိုမရယူမီ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ချေးငွေရယူထားပါက ချေးငွေပြေကျေပြီးသူဖြစ်ရမည်။
(စ) ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သောအာမခံပေးအပ်ရမည်။
(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသော MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ထောက်ခံချက်တင်ပြနိုင်ရမည်။

၅။ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေများစတင်လျှောက်ထားနိုင်ပါသည်။ ချေးငွေလျှောက်ထားသူ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည်ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ ပါဝင်ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး မြတ်ကျောင်းတော် ပုသိမ်ထီးလုပ်ငန်းကို သွားရောက်ကြည့်ရှု လေ့လာကာ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် ချောင်းသာအပန်းဖြေဧည့်ရိပ်သာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီး ပြောကြားကြပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဖော်မြူလာဟောင်းနဲ့ တစ်ပတ်ရစ်စွပ်စွဲမှု

မင်းသော်

အင်ဒိုနီးရှားပိုင်နက်ရေပြင်မှာ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်လှေတွေ တစ်စင်းပြီးတစ်စင်း ဝင်လာနေခဲ့တာ ခန့်မှန်းခြေလူဦးရေ ၁၅၀၀ ခန့် ရှိလာပါပြီလို့ နိုင်ငံတကာ မီဒီယာတွေက ဖော်ပြကြတယ်။ သူတို့တွေက ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ပင်လယ်ကြီးကိုဖြတ်လို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ အများဆုံးလာရောက်ခဲ့ကြတယ်လို့ သိရှိရပြီး နောက်ထပ် အားချေးပြည်နယ် ကမ်းရိုးတန်းဆီ ဒုက္ခသည်လှေတစ်စင်းဦးတည်လာနေတာကို အင်ဒိုနီးရှားရေတပ် ကမ်းခြေစောင့်တပ်က တွေ့ရှိတာကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှာ အင်ဒိုနီးရှားရေပိုင်နက်ထဲကို ပြန်မလာနိုင်အောင် ကမ်းရိုးတန်းနဲ့ ရေမိုင် ၆၃ မိုင် အကွာအထိ ရေတပ်သင်္ဘော KRI Botang-907 က မောင်းထုတ်ခဲ့ရတယ်လို့ အင်ဒိုနီးရှားရေတပ်ဝက်ဘ်ဆိုက်မှာ ကြေညာချက်ထုတ်ထားခဲ့ပါတယ်။

> **✻ သမိုင်းကြောင်းကို ပြန်ပြောင်းပြောရရင် မြန်မာနိုင်ငံဆီ ဘင်္ဂါလီတွေ ရောက်ရှိလာပုံက ၁၉၄၈ လွတ်လပ်ရေးမရခင် အင်္ဂလိပ်လက်အောက်ခံဘဝ နယ်ချဲ့တွေကနေ လယ်ယာလုပ်ကိုင်ဖို့ ခေါ်သွင်းလာခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်ကနေ အလုပ်အကိုင်ကောင်းလို့ မပြန်တော့ဘဲ အခြေချနေထိုင်သူတွေ ရှိလာခဲ့ပါတယ်။ မိမိတို့ နိုင်ငံမှာ ဥပဒေအရ ၁၉၄၈ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံကို ရောက်နေတဲ့ မိဘနှစ်ပါးက မွေးဖွားသူ၊ တတိယမျိုးဆက်မြေးအဆင့်ကိုပဲ နိုင်ငံသားအဖြစ် လက်ခံမယ်ဆိုတဲ့ ဥပဒေကရှိသလို လက်တွေ့လည်း ကျင့်သုံးခဲ့ပြီးသားပါ။ ဒါပေမယ့် ဒီမှာ မရိုးမသားရှုပ်ထွေးမှုတွေနဲ့ ရိုဟင်ဂျာဆိုပြီး အတင်းကာရော ဇာတ်တွေနာရင်း ခိုးဝင်လာကြ၊ နယ်မြေလုချင်ကြ၊ လူအင်အားစုဆောင်းကြ၊ အကြမ်းဖက်ကြ စတာတွေရဲ့ အကျိုးဆက်ကို ခံစားခဲ့ရတာက ရှိရင်းစွဲမြန်မာနိုင်ငံသား စစ်စစ်တွေပါ**

အဲဒီနေ့ရက်မှာပဲ နယ်စပ်ဖြတ်ကျော် ဘင်္ဂါလီ ၁၃၀ ကျော် ယာယီခိုလှုံနေတဲ့ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် အစိုးရခန်းမမှာ ရာနဲ့ချီတဲ့ အင်ဒိုနီးရှားတက္ကသိုလ် ကျောင်းသားတွေက ဒုက္ခသည်တွေကို တိုင်းပြည်ထဲကနေ နှင်ထုတ်ဖို့ ဖိအားပေးတောင်းဆိုခဲ့ကြပါတယ်။ အဲဒီလို တောင်းဆိုနေချိန် လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေနဲ့ ဆန္ဒပြသူတွေက ရုန်းရင်းဆန်ခတ်တွေ ဖြစ်ခဲ့ပါသေးတယ်။ ဒ့ါအပြင် ဒေသခံတွေကလည်း ဒုက္ခသည်တွေကို လက်သင့်မခံကြောင်း ဆန္ဒပြခဲ့ကြပါသေးတယ်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အင်ဒိုနီးရှားနိုင်ငံကို ရောက်လာတဲ့ ဒုက္ခသည်တွေကို ယာယီထောက်ပံ့ကူညီသွားမယ်လို့ သတင်းမီဒီယာတွေမှာ ဖော်ပြထားပေမယ့် ဒေသခံတွေရဲ့ လက်သင့်မခံမှုကြောင့် ဒုက္ခသည်တွေကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဆီ ကူညီပေးရေးကိစ္စတွေကို ပြောဆိုဗျာများနေရပါတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ နယ်စပ်ဖြတ်ကျော်သူများအရေးကို ဖြေရှင်းတဲ့နေရာမှာ ဒေသတွင်းလူထုရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားသလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍတွေကိုလည်း ဦးစားပေးလုပ်ဆောင်နေတယ်လို့ အစောပိုင်းအနေအထားမှာ လူ့အခွင့်အရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ဒါဟာနာပူတရာက ဆိုထားခဲ့ဖူးသလို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေထဲက ပြန်လည်နေထိုင်ခွင့်မပြုတဲ့မူအရ ရိုဟင်ဂျာတွေက မူလနေထိုင်ခဲ့တဲ့နိုင်ငံမှာ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့ ကြုံနေရရင် အဲဒီနိုင်ငံဆီ ပြန်မပို့ဖို့နဲ့ နှင်ထုတ်တာတွေမလုပ်ဖို့ သူကပြောခဲ့ဖူးပါတယ်။ သို့သော်လည်း ဒေသခံတွေရဲ့ လက်သင့်မခံမှုကြောင့်ဘဲ ဒုက္ခသည်လှေကို အင်ဒိုနီးရှားက ရေပိုင်နက်ထဲတောင် ဝင်ခွင့်မပြုတဲ့ အခြေအနေပါ။

ဒုက္ခသည်ဆိုတိုင်း မြန်မာနိုင်ငံကသာ

အခုလို အင်ဒိုနီးရှားနိုင်ငံထဲကို ဘင်္ဂါလီတွေ အစုလိုက်အပြုံလိုက် အတင်းကာရော ဝင်ရောက်လာတဲ့အခါ ဘင်္ဂါလီဆိုတိုင်း မြန်မာနိုင်ငံက လာရောက်တယ်ဆိုတဲ့ ဖော်မြူလာအဟောင်းအတိုင်း အင်ဒိုနီးရှားအောက်လွှတ်တော် ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ လက်ထောက်ဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီက ပြီးခဲ့တဲ့သီတင်းပတ်က အဖြေထုတ်တလွဲပုံဖော်လိုက်တာက အတော်ကို အဆင်အခြင်မဲ့တဲ့ လုပ်ရပ်လို့ သုံးသပ်မိပါတယ်။

ဘင်္ဂါလီဖြစ်စဉ်တွေနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံက ကမ္ဘာကိုရော ဒေသတွင်း နိုင်ငံတွေကိုပါ ရှင်းလင်းပြတ်သားစွာနဲ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို လက်ထောက်ဥက္ကဋ္ဌဆိုသူ မသိရှာလေရော့သလား လို့ မေးခွန်းထုတ်စရာပါ။

သမိုင်းကြောင်းကို ပြန်ပြောင်းပြောရရင် မြန်မာနိုင်ငံဆီ ဘင်္ဂါလီတွေ ရောက်ရှိလာပုံက ၁၉၄၈ လွတ်လပ်ရေးမရခင် အင်္ဂလိပ်လက်အောက်ခံဘဝ နယ်ချဲ့တွေကနေ လယ်ယာလုပ်ကိုင်ဖို့ ခေါ်သွင်းလာခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်ကနေ အလုပ်အကိုင်ကောင်းလို့ မပြန်တော့ဘဲ အခြေချနေထိုင်သူတွေရှိလာခဲ့ပါတယ်။ မိမိတို့နိုင်ငံမှာ ဥပဒေအရ ၁၉၄၈ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံကို ရောက်နေတဲ့ မိဘနှစ်ပါးက မွေးဖွားသူ၊ တတိယမျိုးဆက်မြေးအဆင့်ကိုပဲ နိုင်ငံသားအဖြစ် လက်ခံမယ်ဆိုတဲ့ ဥပဒေကရှိသလို လက်တွေ့လည်း ကျင့်သုံးခဲ့ပြီးသားပါ။ ဒါပေမယ့် ဒီမှာ မရိုးမသားရှုပ်ထွေးမှုတွေနဲ့ ရိုဟင်ဂျာဆိုပြီး အတင်းကာရော ဇာတ်တွေနာရင်း ခိုးဝင်လာကြ၊ နယ်မြေလုချင်ကြ၊ လူအင်အားစုဆောင်းကြ၊ အကြမ်းဖက်ကြ စတာတွေရဲ့ အကျိုးဆက်ကို ခံစားခဲ့ရတာက ရှိရင်းစွဲ မြန်မာနိုင်ငံသား စစ်စစ်တွေပါ။

နိုင်ငံသားဖြစ်ခွင့် ဥပဒေနှင့်အညီ

မြန်မာအနေနဲ့ နေရပ်စွန့်ခွာသူတွေကို ပြန်လက်ခံရာမှာ နှစ်နိုင်ငံအစိုးရရဲ့ သဘောတူညီချက်တွေနဲ့ လက်ခံနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဆုံးဝင်လာတဲ့နေရာမှာ လက်ခံမယ်၊ လုံခြုံရေးအရ လိုအပ်တာကို စိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးက စိစစ်ပြီး နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ဆက်လက်လျှောက်ထားနိုင်ပါတယ်။ ဥပဒေနဲ့ညီညွတ်တဲ့သူတိုင်း မြန်မာနိုင်ငံသားဖြစ်လာမှာပါ။ ဥပဒေနဲ့မညီညွတ်ရင်တော့ ဘယ်သူမှ နိုင်ငံသားဖြစ်လာမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံသားတွေက ကိုယ့်နိုင်ငံသားမဟုတ်သူတွေကို မိမိတို့နိုင်ငံအတွင်း လက်သင့်မခံလိုတဲ့ ဖြစ်စဉ်က အခုလက်ရှိ အင်ဒိုနီးရှားနိုင်ငံသားတွေ စိုးရိမ်ပူပန်ပြီး နေရပ်စွန့်ခွာသူတွေကို လက်သင့်မခံလိုတဲ့ ဖြစ်စဉ်နဲ့ အလားသဏ္ဌာန်တူတယ်ဆိုတာ ထိုပုဂ္ဂိုလ်သိပြီးသား ဖြစ်ပါလိမ့်မယ်။

ARSA အကြမ်းဖက်သမားတွေရဲ့ အကွက်ချပုံဖော်ဖန်တီးထားတဲ့ ချဲ့ကားလုပ်ကြံ တစ်ဖက်စောင်းနင်း သတင်းအတု၊ သတင်းမှားတွေအကြား မြန်မာ့တပ်မတော်နဲ့ ဒေသခံတွေအပေါ် ရက်စက်ကြမ်းကြုတ်သူတွေလို့ ကမ္ဘာက ထင်မှတ်နေကြတာက မြန်မာနိုင်ငံအဖို့တော့ ထူးမခြားနား အကြောင်းအရာတစ်ခုသာဖြစ်ပါတယ်။ မြန်မာနိုင်ငံက အမှန်တရားကို ရှင်းပြနေရုံနဲ့ ရပ်တန့်မနေဘဲ နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံပေးဖို့ အသင့်ပြင်ထားခဲ့သည်မှာ အတော်ကြာခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံကို ဝင်ခွင့်ရတဲ့သူတွေဟာ ပြန်လည်လက်ခံရေးစခန်းတွေမှာ လိုအပ်တဲ့ အထောက်အပံ့ အပြည့်အစုံနဲ့ ခေတ္တနေထိုင်ကြရပြီး လိုအပ်တဲ့ အချက်အလက်စိစစ်တာတွေ လုပ်ဆောင်ပြီးသွားရင် နေရပ်ပြန်သူတွေရဲ့ဆန္ဒအတိုင်း နှစ်သက်ရာရွာတွေမှာ နေထိုင်နိုင်ကြပါတယ်။ ရွာဆိုလို့ ဖြစ်သလို ပြီးပြီးရော တည်ဆောက်ပေးထားတာ မဟုတ်ပါဘူး။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းအစရှိတဲ့ အခြေခံအဆောက်အအုံတွေနဲ့ စနစ်တကျ လုပ်ဆောင်ပေးထားတာပါ။

အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ လက်ထောက်ဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီဆိုသူက မြန်မာနိုင်ငံရဲ့ ဆောင်ရွက်နေမှုတွေကို မျက်ကွယ်ပြုပြီး ၂၀၂၃ ဒီဇင်ဘာ ၃၀ ရက်မှာ သတင်းထောက်တွေနဲ့ တွေ့ဆုံပြီး ဘင်္ဂါလီအရေးနဲ့ပတ်သက်လို့ ကမ္ဘာ့နိုင်ငံတွေနဲ့ အထူးသဖြင့် အာဆီယံက မြန်မာနိုင်ငံကို ပြတ်ပြတ်သားသား အရေးယူဖို့လိုကြောင်း၊ ရှုတ်ချရုံနဲ့ မလုံလောက်ဘဲ မြန်မာနိုင်ငံကို ကမ္ဘာ့ဖိုရမ်တွေကနေ ဖယ်ထုတ်၊ လက်နက်နဲ့စီးပွားရေးပိတ်ဆို့၊ နိုင်ငံကူးလက်မှတ်တွေနဲ့ ဗီဇာတွေရပ်ဆိုင်းပြီး လူမျိုးတုံး သတ်ဖြတ်ကျူးလွန်သူတွေကို အပြည်ပြည်ဆိုင်ရာ တရားရုံးကို ဆွဲချက်တင် အရေးယူစတာတွေလုပ်ဖို့ လိုအပ်နေတယ်လို့ ဆိုလိုက်ပါသေးတယ်။ ဘင်္ဂါလီတွေကို လက်ရှိအစိုးရက ဂရုမစိုက်ဘဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်ဖို့ တွန့်ဆုတ်နေမှာ မဟုတ်ဘူးလို့လည်း စွပ်စွဲပုတ်ခတ်ထားပါသေးတယ်။ ဒ့ါအပြင် ဘင်္ဂါလီတွေက ရခိုင်ပြည်နယ်မှာ ၁၀၅၅ ခုနှစ်ကတည်းက တည်ရှိနေတယ်လို့ ဆိုပါသေးတယ်။ အာချေးပြည်နယ်ကို ရောက်ရှိလာတဲ့ ဘင်္ဂါလီတွေက မြန်မာနိုင်ငံကနေ ခိုးဝင်လာတဲ့ အနေအထားဖြစ်အောင် တမင်ရည်ရွယ်ပြောဆိုထားတာပါ။

ဖိအားအတွက် ထွက်ပေါက်ရှာ

ထိုသူရဲ့အပြောဟာ သူတို့နိုင်ငံထဲကို နေရပ်စွန့်ခွာသူတွေ မဝင်လာအောင် တားဆီးဖို့အပြင် မြန်မာ့ပြည်တွင်းရေးကို ဘင်္ဂါလီအကြောင်းပြပြီး ဝင်ရောက်စွက်ဖက်လိုတဲ့ သဘောလို့ စာရေးသူကတော့ သုံးသပ်မိပါတယ်။ ဒီလိုအပြောအဆိုတွေရဲ့ နောက်ကွယ်မှာ ဘင်္ဂလားပင်လယ်အော်ကြီးကို ဖြတ်ပြီး နေရပ်စွန့်ခွာလိုသူတွေကို လူမှောင်ခိုကူးနေကြတဲ့သူတွေက မြန်မာနိုင်ငံက အတင်းမောင်းထုတ်ခြင်းခံနေရတဲ့ ဒုက္ခသည်တွေအဖြစ် ကလိမ်ကကျစ်တွေ သင်ကြားပေးပြီး ဆက်လက်သရုပ်ဆောင်ပြခိုင်းရင်း နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုတွေ ပိုမိုလုပ်ဆောင်လာနိုင်တယ်လို့ ခန့်မှန်းမိပါတယ်။

အတိတ်ကာလ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ လွတ်လပ်ရေးကို ခက်ခက်ခဲခဲထိန်းသိမ်းနေရတဲ့ အချိန်တစ်ခု သက်တမ်းနုနယ်သေးတဲ့ အင်ဒိုနီးရှားဟာ သူ့ရဲ့ ရပ်တည်မှုကို ခြိမ်းခြောက်နေတဲ့ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ခဲ့ရချိန် မြန်မာခေါင်းဆောင်တွေက အင်ဒိုနီးရှားနဲ့ပတ်သက်တဲ့ ညီလာခံတစ်ခုကို ကျင်းပပေးဖို့ အိန္ဒိယအစိုးရကို တိုက်တွန်းပေးခဲ့ပြီး အဲဒီညီလာခံကြောင့်သာ အင်ဒိုနီးရှားရဲ့ လွတ်လပ်ရေးကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုခြင်းအခြေအနေကို ရရှိခဲ့ဖူးပါတယ်။ အဲဒီအချိန်မှာ အင်ဒိုနီးရှားရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ကမ္ဘာကသိနိုင်ဖို့ အသံလွှင့်နိုင်တဲ့ ဆက်သွယ်ရေးစနစ်တစ်ခုကိုလည်း မြန်မာနိုင်ငံကပဲ တပ်ဆင်ခွင့်ပြုပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံရေးအတွက် ရန်ပုံငွေရရှိဖို့နဲ့ အင်ဒိုနီးရှားလွတ်မြောက်ရေး တိုက်ပွဲဝင်သူတွေအတွက် လိုအပ်ချက်တွေဖြည့်ဆည်းနိုင်ဖို့ ဂါရုဒါ အင်ဒိုနီးရှားလေကြောင်းလိုင်းကို မြန်မာနိုင်ငံမှာ ပျံသန်းခွင့်ပြုခဲ့ပါသေးတယ်။ ဒါတွေက အင်ဒိုနီးရှားခက်ခဲနေတဲ့အချိန် နှစ်နိုင်ငံကြားက ချစ်ခင်ရင်းနှီးမှုနဲ့ စာနာနားလည်မှုပြယုဂ် သမိုင်းကြောင်းပဲမဟုတ်ပါလား။

အင်ဒိုနီးရှားဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ သက်တမ်းကုန်ဆုံးကာနီးမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့ ဖိအားတွေလည်း ရှိနိုင်မယ်လို့ သုံးသပ်ရပါတယ်။ မြန်မာ့အရေးနဲ့ ပတ်သက်လို့ အာဆီယံအလှည့်ကျနိုင်ငံအနေနဲ့ နာမည်ကောင်း ကျန်ရစ်လိုစိတ်နဲ့ ကြိုးစားပေးခဲ့တာတွေရှိပေမယ့် NUG လို နိုင်ငံ့သစ္စာဖောက် အကြမ်းဖက်သမားတွေနဲ့ သူတို့ကို မြှောက်ပင့်သွေးထိုးပေးနေတဲ့ နိုင်ငံတွေရဲ့ လိုလားချက်ကို မဖြည့်စွမ်းနိုင်၊ ထိုသူတို့ မျှော်မှန်းသည့်အတိုင်း အကျိုးသက်ရောက်မှုမရှိနိုင်ဆိုတဲ့ အခြေအနေမှာ ဒီမိုကရေစီ ချန်ပီယံကြီး အင်ဒိုနီးရှားက ဘင်္ဂါလီအရေးကို အတင်းကာရော အရာသွင်းလို့ အမှတ်ယူတဲ့ အကြံဆိုးလို့ပဲ မှတ်ယူပါတယ်။

အာဆီယံအသိုက်အဝန်းရဲ့ ရည်ရွယ်ချက်က ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုမြှင့်တင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။ အခုလို အာဆီယံနိုင်ငံတစ်နိုင်ငံအပေါ် အတင်းကာရော စွပ်စွဲပြစ်တင်နေခြင်း၊ အခြားအဖွဲ့ဝင်နိုင်ငံတွေကို မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဖိအားပေးပြောဆိုခြင်းတွေဟာ အာဆီယံရဲ့ မူလအနှစ်သာရကို အလေးမထားရာ၊ သွေးထိုးရာရောက်တဲ့အပြင် မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီး အာဆီယံအတွင်းမှာ မညီညွတ်မှု၊ အမြင်မတူညီမှုတွေ ဖြစ်လာနိုင်တယ်ဆိုတာကို အင်ဒိုနီးရှားရဲ့ အောက်လွှတ်တော် ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ လက်ထောက်ဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီ ဆိုသူနဲ့ အပေါင်းပါတစ်သိုက် သိစေလိုပါကြောင်း။ ။

မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းကို ဝိမုတ္တိအမြင်ဖြင့် လေ့လာခြင်း

---- မောင်စိန်ဝင်း (ညောင်ခါးရှည်) ----

(ယမန်နေ့မှအဆက်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိ လုပ်ငန်း၊ စက်ရုံများသည် ပြည်သူလူထု စားဝတ်နေရေးအတွက် နေ့စဉ်အသုံးပြုနေသည့် လူသုံးကုန်ပစ္စည်း၊ အထည်အလိပ်၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်းနှင့် အခြားအထွေထွေကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ဖွဲ့စည်းထားသကဲ့သို့ အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့ မြင့်မားလာစေရေး၊ ယင်းတို့ကို အထောက်အကူဖြစ်စေသည့် ယာဉ်နှင့်စက်ကိရိယာအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၉၀) အရ ၁-၄-၁၉၉၀ ရက်နေ့မှစ၍ သုတေသနလုပ်ငန်းဌာနများနှင့် သုတေသနလုပ်ငန်းဆိုင်ရာ မူဝါဒ ညွှန်ကြားရေးမှူးရုံးကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ရာ ပညာရေးဝန်ကြီးဌာနတွင် မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန အနေဖြင့် အမည်ပြောင်းလဲ၍ ဖွဲ့စည်းခဲ့ပါသည်။ ၁၆-၈-၁၉၉၄ ခုနှစ်တွင် အဆိုပါဌာနကို အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ပြန်လည်လွှဲပြောင်း ရယူခဲ့ပါသည်။၁၉၉၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပညာရေးဝန်ကြီးဌာနမှ ပြန်လည်လွှဲပြောင်းရယူ၍ နည်းပညာတက္ကသိုလ်များ၊ ကောလိပ်နှင့် သိပ္ပံကျောင်းများကို ထည့်သွင်းဖွဲ့စည်းလျက် **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**အနေဖြင့် ဝန်ကြီးဌာနအသစ်တစ်ခု ပေါ်ပေါက်လာသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပါလီမန်ဒီမိုကရေစီအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပြည်ထောင်စုအစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရကာလများတွင် စက်မှုဝန်ကြီးဌာနသည် အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းခဲ့ရပြီး ဒီမိုကရေစီအစိုးရကာလ ၂၀၁၂ ခုနှစ် မတ် ၂၉ ရက်တွင် ကျင်းပပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၂)၏ သဘောတူ ခွင့်ပြုချက်အရ ၄-၄-၂၀၁၂ မှစ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ **စက်မှုဝန်ကြီးဌာန**အနေဖြင့် မူလအမည်အတိုင်း ပေါင်းစပ်ဖွဲ့စည်းခဲ့ပါသည်။

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို တွေ့ရစဉ်။

နိုင်ငံတော်သမ္မတရုံး၏ ၂၈-၁၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၉) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ **စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**အဖြစ် ပေါင်းစပ်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ၃-၅-၂၀၂၁ ရက်စွဲပါအမိန့်အမှတ် (၁၁၇/၂၀၂၁) ဖြင့် စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ခွဲထွက်၍ **စက်မှုဝန်ကြီးဌာန** အနေဖြင့် ပြန်လည်ရပ်တည်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနကို
ခေတ်အဆက်ဆက်တာဝန်ယူခဲ့ကြသူများ

စက်မှုလက်မှုဝန်ကြီးဌာနသည် ကိုလိုနီခေတ်ဒိုင်အာခီအုပ်ချုပ်ရေး၊ (၉၁) ဌာနအုပ်ချုပ်ရေးတို့တွင် ဝန်ကြီးဌာနတစ်ခုအနေဖြင့် သီးခြားဖွဲ့စည်းမှုမရှိဘဲ ဂျပန်ခေတ်ဒေါက်တာဘမော် အစိုးရလက်ထက်တွင် ဖွဲ့စည်းသည့် အစိုးရအဖွဲ့တွင် ပျော်ဘွယ်ဦးမြ (၁-၈-၁၉၄၃ - ၂၇-၉-၁၉၄၃)သည် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ်တွင်ဖွဲ့စည်းသည့် ဘုရင်ခံအမှုဆောင်ကောင်စီ အစိုးရအဖွဲ့တွင် မန်းဘခိုင်(၂၇-၈-၁၉၄၆-၁၉-၇-၁၉၄၇)သည် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီးအဖြစ် လည်းကောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်း ပြည်ထောင်စုအစိုးရလက်ထက်တွင် စက်မှုဝန်ကြီးဌာနကို ဟသ်ာတဦးမြ၊ သီရိပျံချီ ဦးချစ်သောင်း၊ ဦးကျော်မြင့်၊ ဦးကျော်ငြိမ်းတို့က အသီးသီးတာဝန်ယူခဲ့ကြပါသည်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် ဗိုလ်ခင်မောင်၊ ဦးတင်နှင့် ဦးသီဟန်တို့က လည်းကောင်း၊ ၁၉၆၀-၁၉၆၂ ခုနှစ် ဖဆပလ အစိုးရလက်ထက်တွင် ဦးရာရှစ်ကလည်းကောင်း တာဝန်ယူခဲ့ကြောင်း တွေ့ရပါသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ဗိုလ်မှူးချုပ် အောင်ကြီး၊ ဗိုလ်မှူးကြီးချစ်မြိုင်၊ ဗိုလ်မှူးကြီး မောင်ရွှေနှင့် ဗိုလ်မှူးကြီးသန်းစိန်တို့က တာဝန်ယူခဲ့ကြပါသည်။

အုပ်ချုပ်ရေးစနစ်သစ်စတင်သည့် ၁၉၇၂ ခုနှစ် မတ် ၁၆ ရက်မှစတင်၍ စက်မှုလက်မှုဝန်ကြီးဌာနကို ဦးမောင်မောင်ခ၊ ဗိုလ်မှူးကြီးလှအေး၊ ဗိုလ်မှူးကြီးမောင်ချို၊ ဗိုလ်မှူးချုပ်တင့်ဆွေတို့က လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ လက်ထက်တွင် ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်၊ ဦးအောင်သောင်း၊ ဦးသန်းရွှေ၊ ဗိုလ်မှူးချုပ်ကျော်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်း(ခေတ္တ ၁၀ လ)၊ ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဗိုလ်ချုပ်စောလွင်တို့က လည်းကောင်း၊ ၂၀၁၀-၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းတွင် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဦးကျော်စွာခိုင်၊ ဦးအေးမြင့်၊ ဦးမောင်မြင့် တို့က တာဝန်ယူခဲ့ကြပြီး ၂၀၁၆-၂၀၂၁ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် ဦးခင်မောင်ချို၊ ဦးစိုးဝင်း၊ ဦးဝင်းရှိန်တို့က ပြည်ထောင်စုဝန်ကြီးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

၂၀၂၁ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဒေါက်တာ ချာလီသန်းက ၂၀၂၁ ခုနှစ် မေ ၃ ရက်မှစတင်၍ ယနေ့အချိန်အထိ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ လိုအပ်ချက်အရ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးဆောင်သူ အစိုးရအဖွဲ့၏ နိုင်ငံရေး၊ စီးပွားရေး မူဝါဒများနှင့်အညီ အသွင်အမျိုးမျိုးဖြင့် ရပ်တည်ခဲ့ရပါသည်။ ယနေ့အချိန်တွင် ပြောင်းလဲလာသည့် စီးပွားရေးမူဝါဒအရ နိုင်ငံပိုင်စက်ရုံများကို ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက် နည်းပညာနှင့် အရင်းအနှီးများ ထည့်ဝင်၍ (P.P.P)Public-Private-Partnership) စံနစ်ဖြင့် ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်လျက် ရှိပါသည်။

အကြီးစားစက်မှုလုပ်ငန်းများဖြစ်သည့် သံမဏိစက်ရုံများမှ နိုင်ငံတော် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့်သံမဏိထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေးဦးတည်ချက်မှ ဒုတိယအချက်ဖြစ်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို အလေးပေး ဆောင်ရွက်နေပါသည်။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများသည် Industry 4.0 အဆင့်သို့ အပြည့်အဝ မရောက်ရှိသေးသော်လည်း စက်မှုလုပ်ငန်းအမျိုးအစား ၁၄ မျိုးအနက် စားသောက်ရေးနှင့်ဆေးဝါးဆိုင်ရာ စက်မှုလုပ်ငန်းများ၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ လူသုံးကုန်ပစ္စည်း၊ စာပေနှင့် အနုပညာဆိုင်ရာ စက်မှုလုပ်ငန်းများ စသည့်ကဏ္ဍများတွင် ကုန်ကြမ်းပစ္စည်းသိုလှောင်သည်အဆင့်မှ ထုတ်လုပ်မှု၊ ဖြန့်ချိရောင်းချမှု Supply Change တစ်လျှောက်လုံးတွင် အလိုအလျောက်စက်ကိရိယာများ၊ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုလျက် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

အကြီးစားစက်မှုလုပ်ငန်းများဖြစ်သည့် သံမဏိစက်ရုံများမှ နိုင်ငံတော် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့် သံမဏိထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ် အနက် စီးပွားရေးဦးတည်ချက်မှ ဒုတိယအချက်ဖြစ်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို အလေးပေးဆောင်ရွက်

ကိုးကား-
မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း
မဟာရာဇဝင်ကြီး
မြန်မာမင်းများလက်ထက်စက်မှုလက်မှု လုပ်ငန်းသမိုင်း
အင်တာနက်စာမျက်နှာများ

MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏ မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း)ပေါ်ရှိဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက် သောင်းကျန်းသူများက သံတူဖြင့်ထု၍ စေတီအား ဖြိုချဖျက်ဆီးနေသည့် ဓာတ်ပုံများ (ဝဲပုံ) နှင့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက် စာမျက်နှာများပေါ်၌ ယခုရက်ပိုင်းအတွင်း ပျံ့နှံ့လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရသည်။

အဆိုပါ လောက်ကိုင်မြို့နယ် ဆီအောကျေးရွာသည် ဗုဒ္ဓဘာသာဝင်များ အများစု နေထိုင်လျက်ရှိပြီး ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းလည်း တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရှိရသည်။

MNDAA အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ကွမ်းလုံမြို့နယ်များအတွင်း တိုက်ပွဲများ ဖော်ဆောင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာမှ ယခုအခါ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရားစေတီများကို ဖြိုချဖျက်ဆီးခြင်းများ ပြုလုပ်၍ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ရှုတ်ချစဉ်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့် ဒေသတစ်လျှောက်တွင်ရှိသည့် စစ်ရေးနှင့် မသက်ဆိုင်သော ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးလျက်ရှိသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေပြီး ပြည်သူများထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၉

တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာကို ဇန်နဝါရီ ၈ ရက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေပြီး ပြည်သူများ ထွက်ပြေးတိမ်းရှောင် နေရကြောင်း သတင်းတု၊ သတင်းအမှားများကို Khit Thit Media က လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၈ ရက်တွင် လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၇၀၀ ခန့်၌ အနီးဝန်းကျင် ကျေးရွာများကို မီးရှို့ဖျက်ဆီးနေသည့် အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်း လှုပ်ရှားနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သမားများသည် ၎င်းတို့ အခြေပြုနေထိုင်သည့် တဲများအား မီးရှို့ထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံ ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင် လွဲမှားစေရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၆၅၄၅ သိန်း တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များနှင့် ခြောက်လုံးပြူးသေနတ်တစ်လက် ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မျိုးသက်ကို မောင်းနှင်လာသည့် Probox အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်နောက်ခန်းရှိ စက္ကူဂျပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းကောရ(ခ) စိုင်းခမ်းမတ် အား နမ့်စန်မြို့အဝင် နမ့်စန်-ခိုလမ်သွားကားလမ်းတွင် Toyota Crown မော်တော်ယာဉ်တစ်စီး၊ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ၎င်းကျည် ၂၃ တောင့်နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မိုးသက်ကို(ခ)ဘိုင်ဘိုင်း အား လွိုင်လင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် မျိုးသက်ကို (၃၇) နှစ်၊ စိုင်းကောရ(ခ) စိုင်းခမ်းမတ် (၂၉) နှစ်နှင့် မိုးသက်ကို (ခ) ဘိုင်ဘိုင်း (၂၆) နှစ်တို့အား **(အပေါ်ပုံ)** မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှာ အရပ်သားတွေကို စစ်မှုထမ်းဖို့ တပ်မတော်က အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၅ ရက်က တပ်မတော်မှ အုပ်ချုပ်ရေးမှူးများကို ခေါ်ယူကာ အသက် ၁၈ နှစ်မှ ၅၅ နှစ်ကြား အမျိုးသားများကို ကျေးရွာတစ်အုပ်စုလျှင် ၁၀ ဦး ပေးရမည်ဟု စစ်မှုထမ်းအင်အားများ တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် နတ်တလင်းမြို့နယ်မှ တာဝန်ရှိသူ ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး တစ်ဦး၏ ပြောကြားချက်အရ တပ်မတော်မှ ဒေသခံပြည်သူများအား စစ်မှုထမ်းဆောင်ရန် အင်အား တောင်းခံခြင်းနှင့် အတင်းအဓမ္မ စစ်မှုထမ်းဆောင်ခိုင်းခြင်း မရှိပါကြောင်း၊ ကောလာဟလသတင်းများကို မသမာသူများက လုပ်ကြံပြောဆိုနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေပြီး ပြည်သူများမှ အထင်အမြင် လွဲမှားစေရန် အတွက် ကောလာဟလ သတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုပ်ကြံရေးသားပြီး အကြောက်တရားများ၊ အမုန်းတရားများကို လေလှိုင်းပေါ်မှ တစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်သူများအား လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဂန္ထဝင်အဆိုတော်ကြီး ဒေါ်မာမာအေး ကွယ်လွန်

ရန်ကုန် ဇန်နဝါရီ ၉

သက်တံ့ပေါ်မှာ ကစားမယ်၊ ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ၊ နှင်းပျောက်တဲ့နွေ၊ မေ့ကွက်ကိုရှာ၊ ဆုတောင်းမှားခဲ့လေသလား၊ ချစ်သူ့နယ်မြေ၊ မောင့်အချစ်မြား၊ တရေးချစ်ခွင့်မြင်ရနိုး၊ သက်ဆိုင်သူသို့၊ အောင်ခြင်းရှစ်ပါး စသည့်ထင်ရှားကျော်ကြားသော မြန်မာသံတေးသီချင်းပေါင်းများစွာ သီဆိုခဲ့သူ ဂန္ထဝင်အဆိုတော်ကြီး ဒေါ်မာမာအေးသည်အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့တ်ဝိန်းမြို့၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက် ညနေပိုင်း(မြန်မာစံတော်ချိန် ဇန်နဝါရီ ၉ ရက် နံနက် ၅ နာရီ ၅၈ မိနစ်)တွင် ကွယ်လွန်သွားကြောင်း သိရသည်။

ဒေါ်မာမာအေးသည် ငယ်စဉ်မှစ၍ ကွယ်လွန်ချိန်အထိ စုံတွဲနှင့် အဖွဲ့လိုက်သီချင်းများ အပါအဝင် စုစုပေါင်း တေးသီချင်းအပုဒ်ရေ အနည်းဆုံး ၆၀၀၀ ကျော်အထိ သီဆိုခဲ့ပြီး ဓာတ်ပြားအချပ်ရေ ၅၀ ကျော် ထွက်ရှိခဲ့ကြောင်း၊ ယခင်ကာလများက အသေးစိတ် စာရင်းပြုစုထားခြင်းမရှိခဲ့သဖြင့် သီချင်းပုဒ်ရေနှင့် ဓာတ်ပြားအချပ်ရေ အတိအကျကိုမူ အတည်ပြုနိုင်ခြင်းမရှိကြောင်း သမီးဖြစ်သူ ဒေါ်အေးလွင်လွင်ဦး (ခေါ်) ဒေါ်မေချို့ထံမှ သိရသည်။ “အမေက အသက် သုံးနှစ်ခွဲလောက်ကတည်းက စင်ပေါ်တက်ပြီး ပြဇာတ်တွေမှာ ဖျော်ဖြေခဲ့တာပါ၊ အသက် ရှစ်နှစ်လောက်မှာစပြီး အသံသွင်းခဲ့ပါတယ်။ အသက် ၁၃ နှစ်လောက်မှာ သက်တံ့ပေါ်မှာကစားမယ် သီချင်းနဲ့စပြီး နာမည်ကြီးခဲ့တာပါ”ဟု ဒေါ်မေချို့က ပြောသည်။

ဒေါ်မာမာအေးကို မြောင်းမြမြို့၌ မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် ဖခင် နဲ့ဆရာ ဦးအေး၊ မိခင် ဒေါ်သန်းနှစ် (အဆိုတော်မြောင်းမြသန်း)တို့က မွေးဖွားပြီး အမည်ရင်းမှာ မအေးမြင့် ဖြစ်သည်။ အသက် ၁၃ နှစ်အရွယ်မှာပင် နိုင်ငံသိအဆိုတော်ဖြစ်လာခဲ့ပြီး ၁၉၆၁ ခုနှစ်မှစတင်၍ မြန်မာ့အသံ၌ အစီအစဉ် လက်ထောက်ထုတ်လွှင့်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ခေတ်ပေါ်တေးဂီတကောင်စီ အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ဂီတပဒေသာမဂ္ဂဇင်း ကော်မတီဝင်လည်း ဖြစ်ခဲ့သည်။ မြခြူသံ၊ သူ့ကိုမှ ချစ်သည်၊ မန်ဒါလီ စသည့် ရုပ်ရှင်ကား သုံးကားတွင်လည်း သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးခဲ့ဖူးသည်။

ကိုယ်ပိုင်လုပ်ငန်းများအနေဖြင့် ၁၉၇၁ ခုနှစ်တွင် “တေးသံရှင်” ဓာတ်ပြားထုတ်လုပ်ရေးကို တည်ထောင်ခဲ့သည်။ “သိုးကလေးမေမေ” လုံးချင်းဝတ္ထုကို ရေးသားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် “အေးအဆိုလေ့ကျင့်ရေးကျောင်း” ကို တည်ထောင်ခဲ့သည်။ “မာမာအေး တေးဂီတလုပ်ငန်း”၊ စတူဒီယို – အေးအသံသွင်းခန်း စသည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ခေတ်ပေါ်တေးဂီတကောင်စီ အမှုဆောင်အဖွဲ့ဝင်၊ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဂီတပညာရှင်များအဖွဲ့ချုပ် အတွင်းရေးမှူး (၁)၊ ၁၉၉၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မဟာဂီတ သီချင်းကြီးများ စိစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုရေး ကော်မတီအဖွဲ့ဝင်၊ စည်းဝါးသံကျစိစစ်ရေးအဖွဲ့ အတွင်းရေးမှူး စသည့်တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်များအတွင်း ပြုလုပ်သော ဆိုကရေးတီး ပြိုင်ပွဲများတွင် အဆိုအဖွဲ့(မဟာဂီတ) အတွင်းရေးမှူး ဖြစ်သည်။

၁၉၉၈ ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စုတွင် ခေတ္တနေထိုင်လျက် ဂီတမှတ်တမ်းများ ရေးသားပြုစုရင်း၊ ဆေးပညာသင်တန်းများ တက်ရောက်သင်ကြားရင်း အမေရိကန်ပြည်ထောင်စုအတွင်း ပြည်နယ်များနှင့် အင်္ဂလန်၊ သြစတြေးလျ၊ ဂျပန်နိုင်ငံတို့၌ မြန်မာ့ဂီတချစ်သူများကို သွားရောက်ဖျော်ဖြေခဲ့သလို ပြည်ပအခြေစိုက် အသံလွှင့်ဌာနတစ်ခု၌ “ပြောပြစရာတွေလည်း တစ်ပုံကြီး ရှိသေးတယ်” ခေါင်းစဉ်ဖြင့် ပင်တိုင်အသံလွှင့်ခဲ့သည်။

ဒေါ်မာမာအေး ကွယ်လွန်ချိန်တွင် ၈၂ နှစ်ခန့်ရှိပြီး သမီး ဒေါ်အေးလွင်လွင်ဦး (ခေါ်) ဒေါ်မေချို၊ သား ဦးတင့်လွင်အေးနှင့် မြေး လေးယောက်၊ မြစ် တစ်ယောက်တို့ ကျန်ရစ်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးက ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်များကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး(Edutainment) အစီအစဉ်ကို အခြေခံပညာအဆင့် (မူလတန်းနှင့်အလယ်တန်း) အဆင့်များ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ မူလတန်းနှင့်အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၂၀ တက်ရောက်ကာ ကော်မရှင်ရုံး (နေပြည်တော်)မှ အရာထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာများကို ဆွေးနွေးကြသည်။**(ယာပုံ)**

ကော်မရှင်အနေဖြင့် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ကော်မရှင်ရုံးခွဲများတည်ရှိရာ (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်) မြို့များရှိ အခြေခံပညာကျောင်း ၁၀၀ တွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူပေါင်း ၂၃၆၀၂ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	–	မြင့်စိုး
သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းများ	–	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း	–	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	–	ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ	–	ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက်	–	တင်စိုး
သုတေသန	–	အိအိခင်နှင့် အဖွဲ့
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	–	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	–	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–**စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ – ၁ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၂၀ ကျပ်	၂၃၇၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၀၅ ကျပ်	၂၄၅၀ ကျပ်
အောက်တိန်း ၉၂	၂၅၃၅ ကျပ်	၂၅၈၀ ကျပ်
အောက်တိန်း ၉၅	၂၆၃၅ ကျပ်	၂၆၈၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မိုင်းယုမြို့၌ မိုင်းယု-ဒွန်းနွဲ့ ကြိုးတံတားတည်ဆောက်လျက်ရှိ

မိုင်းယု ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဒွန်းနွဲ့ကျေးရွာအနီး မိုင်းယုမြို့နှင့် ဒွန်းနွဲ့သွားလမ်းရှိ နမ့်ဖွန်ချောင်းပေါ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် မိုင်းယု–ဒွန်းနွဲ့ကြိုးတံတားကို ဇန်နဝါရီ ၇ ရက်မှ စတင်ကာ တည်ဆောက်လျက်ရှိသည်။

အဆိုပါ ကြိုးတံတားတည်ဆောက်နေမှုကို မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးလောထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်စစ်ဆေးလျက်ရှိပြီး ဒွန်းနွဲ့၊ ဝမ်နားမြတ်၊ တာပေါက်၊ မိုင်းလွေ၊ ဝမ်ဆလီ၊ ဝမ်ယမ်းခမ်းနှင့် ဝမ်ပေါက်ကျေးရွာတို့မှ ကျေးလက်နေပြည်သူများက လုပ်အားဒါနပါဝင်မှုဖြင့် တည်ဆောက်လျက်ရှိသည်။ ကြိုးတံတားမှာ တံတားအရှည် ပေ ၁၀၀၊ အကျယ် ငါးပေ၊ အမြင့် ၃၇ ပေရှိသည့် ကြိုးတံတားဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၇၀၀	၈၇၀၀	၁၉၂	၁၆၇၀၄၀၀
MTSH	၂၈၅၀	၂၈၅၀	၈၂၈	၂၃၅၉၈၀၀
MCB	၇၉၀၀	၇၉၀၀	၃	၂၃၇၀၀
FPB	၁၅၅၀	၁၅၅၀	၉၁၂၈	၁၄၁၄၈၄၀၀
TMH	၂၅၀၀	၂၅၀၀	၅	၁၂၅၀၀
EFR	၁၉၅၀	၁၉၅၀	၄၁၁	၇၈၁၄၅၀
AHPC	၄၇၀၀	၄၇၀၀	၄၂	၁၉၇၄၀၀
MAEPC	၁၇၅၀	၁၇၅၀	၁၀၀	၁၇၅၀၀၀

ညီညီ – စုစည်းသည်

ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

ပွင့်ဖြူ ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့် ရရှိနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်ထံမှ သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်း ရေစက်ရုံဖွင့်ပွဲတွင် ကျေးရွာရေကော်မတီဝင်များထံ ကျေးလက်ရေရရှိရေးလုပ်ငန်းနှင့်ပတ်သက်သည့် အထောက်အထား မှတ်တမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ယခုအခါ ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်သည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

မမြဆည်ရေလှောင်တမံနှင့် ကွန်ချောင်းဆည် ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေ

မြန်အောင် ဇန်နဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ် အတွင်းရှိ မမြဆည်ရေလှောင်တမံနှင့် ကွန်ချောင်းဆည် ရေလှောင်တမံမှ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရန် ယခုလ ပထမပတ်မှစ၍ ရေပေးဝေလျက်ရှိကြောင်း မြန်အောင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြန်အောင်မြို့နယ် မမြဆည်ရေလှောင်တမံ၌ ရေလှောင်ပမာဏဧကေ ပေ ၇၁၄၀၀ ရေသိုလှောင်ထားရှိပြီး မြန်အောင်မြို့နယ်အတွင်း နွေစပါးလျာထား ၂၉၇၄ ဧက၊ ဆောင်းသီးနှံ ၁၃၉၅ ဧက စိုက်ပျိုးနိုင်ရန် ရေပေးဝေမည်ဖြစ်သည်။

ကြံခင်းမြို့နယ် ကွန်ချောင်းဆည် ရေလှောင်တမံ၌ ရေလှောင်ပမာဏ ဧကပေ ၉၈၄၀၀ ရေသိုလှောင်ထားရှိပြီး ရေလှောင်တမံဆည်ရေဖြင့် မြန်အောင်မြို့နယ်အတွင်း နွေစပါးလျာထား ၁၄၃၅ ဧက၊ ဆောင်းသီးနှံ ၆၆၈၆ ဧက စိုက်ပျိုးနိုင်ရန် ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမိုလ်(မြန်/ဆက်)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၉၊ ဦးပိုင်အမှတ်(၁၅)/၆၃x၆၄လမ်းကြား၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးစက်မောင်အမည်ပေါက် တောဂရန်မြေကွက်အား၊ ဖခင် ဦးစက်မောင်၊ မိခင် ဒေါ်ညွှန့်ရီ၊ သား ဦးမောင်မောင်အေးတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး၊ အမွေမှီမြေးများဖြစ်ကြသော ဒေါ်မြမြ ၉/အမရ(နိုင်) ၀၈၂၁၅၈၊ ဦးမောင်မောင်သွင် ၁၂/သကတ(နိုင်)၀၃၇၄၂၅၊ ဦးမောင်မောင်လေး ၉/အမရ(နိုင်) ၀၄၂၇၆၄၊ ဒေါ်ခိုင်ဇာဖြူ ၉/ပကခ(နိုင်)၀၀၈၂၈၅၊ ဒေါ်နှင်းပွင့်ဖြူ ၉/ပကခ(နိုင်)၀၁၄၅၅၃ တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၃၊ ဦးပိုင်အမှတ်(၂၈)/၆၀Ax၆၀Bလမ်းကြား၊ မင်းကြီးရန်နောင်x မင်းရဲကျော်စွာလမ်းကြားရှိတောဂရန် မြေကွက်အမည်ပေါက်သူ ခင်ပွန်း တကပြေသန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်အုံးရီ ၁၃/ကလန(နိုင်) ၀၀၆၆၅ က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၂)၊ ဦးပိုင်အမှတ်(၃၇-ခ+၃၈+၃၉+၄၀+၄၄)၊ ၃၀x၃၁လမ်းကြား၊ ၈၀x၈၁လမ်းကြားရှိဘိုးဘမြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်ဖေကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၂၄/၂၀၁၁) ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်နန်းသန္တာအောင်ထံမှ မှတ်ပုံတင်ပေးစာချုပ်အမှတ်(၃၉၈၆/၂၀၁၂)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူများဖြစ်သော ဒေါ်ဖေသဲစု ၉/မဟမ(နိုင်) ၀၄၆၀၇၇က မိမိကိုယ်တိုင်နှင့် (ဦးဖေထက်အောင် ၉/မဟမ (နိုင်) ၀၆၂၀၈၆၏ GPရသူ ဒေါ်ဖေသဲစု)၊ ဒေါ်ချစ်သဲစု (ခ) ဖေသဲချစ် ၉/မဟမ(နိုင်)၀၅၅၇၂၃တို့က အမှုတွဲအမှတ် ၀၇၁၃/ဘ(ပြောင်း)/ ၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၂၊ ဦးပိုင်အမှတ်(၄၂)/၇၆x၇၇လမ်းကြား၊ ၉လမ်းမျက်နှာပြု/ရှိ ဒေါ်မူအမည်ပေါက် ဘိုးဘမြေကွက်အား အဘိုး ဦးချစ်၊ အဘွား ဒေါ်မူ၊ ဖခင်ဦးစိုးဝင်း၊ မိခင် ဒေါ်ခင်ဆယ်တို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီး၊ မြေးဖြစ်သူ ဒေါ်ကြူကြူဝင်း ၉/အမဇ(နိုင်)၀၀၂၀၄၉က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၊ အကွက်အမှတ် အပိုင်း-၂/ဦးပိုင် ၁၁ အနောက်ခြမ်း/၃၆လမ်း၊ ၆၈x၆၉လမ်းကြားရှိ ဒေါ်ငွေရှန်၊ ဦးသန်းဝင်းအမည်ပေါက် ဂရန်မြေကွက်အား ဦးသန်းဝင်းထံမှ စွန့်လွှတ်စာချုပ် အမှတ် (၂၂၃၃/၂၀၁၁)ဖြင့် စွန့်လွှတ်ခြင်းကို ဒေါ်ငွေရှန်က လက်ခံခဲ့ပြီး၊ဖခင် ဦးအေးမောင်၊ မိခင် ဒေါ်ငွေရှန်တို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်လှလှဝင်း ၉/မရမ(နိုင်) ၀၇၃၂၇၁က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖ-၁၄၊ ဦးပိုင်အမှတ်(၅၆-က)/၅၅x၅၆လမ်းကြား၊ မြတ်လေးလမ်းx ပိတောက်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဇနီးဒေါ်ခင်လှိုင် ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်းဦးလှတင် ၉/မရမ(နိုင်)၀၅၁၆၉၆ NBN-၀၀၈၅၉၁ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၄၊ ဦးပိုင်အမှတ်(၅၆)/၁၀၅x၁၀၆လမ်းကြား၊ ၅၆x၅၇လမ်းကြားရှိ ဒေါ်တင်အောင်အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၀၆၆/၂၀၂၃)ဖြင့်ဦးဆန်းဝင်း၊ ဒေါ်ခင်အုန်းမြင့် တို့ကပိုင်ဆိုင်ခဲ့ပြီး ခင်ပွန်း ဦးဆန်းဝင်းကွယ်လွန်၍ ကျန်ရစ်သူ ဇနီးနှင့် အစ်မဖြစ်သူ ဒေါ်ခင်အုန်းမြင့် ၉/မနမ (နိုင်)၀၁၅၂၁၉၊ ဒေါ်တရုပ်မ ၉/မနမ(နိုင်)၀၂၂၅၃၉တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉-ခ၊ ဦးပိုင်အမှတ်(၇၃)/ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းမြောက်ဘက်ရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးလေးမောင်ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်တူး ၉/အမရ(နိုင်) ၀၀၅၀၆၉က တောဂရန် ၊ သေစာရင်း၊ တရားရုံးကျမ်း ကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၅၊ ဦးပိုင်အမှတ်(၅၉)/၆၅x၆၆ကြား၊ ၁၂၉x၁၃၀ လမ်းကြား မြေကွက်အား တောဂရန် အမှုတွဲအမှတ် (၂၈၄၅/၉၀-၉၁) အရ ဦးလှရွှေ AE-၁၇၂၇၈၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးစိုင်းအောင်ကျော် ၁၃/တယန(နိုင်)၀၃၈၂၇၀မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၁၊ ဦးပိုင်အမှတ်(၂၃)၊ ၇၂x၇၃ ကြား၊ ကျန်စစ်သားနှင့် ဇော်ဂျီလမ်းကြားရှိ ဦးလေးနိုင် အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဦးနီဖိုးက တရားပြိုင် ဦးလေးနိုင်အပေါ် မှတ်ပုံ တင်အရောင်းအဝယ် စာချုပ်ချုပ်ဆို ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန် မြို့နယ် တရားရုံးတော် တရားမကြီးမှု အမှတ် (၆၅/၂၀၂၃)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးနီဖိုး ၉/မရမ(နိုင်)၀၀၂၁၈၇ က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၉၊ ဦးပိုင်အမှတ်(၃၃)/ သခင်ဖိုးလှကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြား၊ ၆၂x၆၃လမ်းကြားရှိ ဦးညွှန့်ခင် အမည်ပေါက် တောဂရန် မြေကွက်အား ဖခင်ဦးပုလေး၊ မိခင် ဒေါ်ကောင်းစိန်၊ သမီး ဒေါ်မြသိန်း (အပျိုဘဝ)၊ သမီး ဒေါ်စွမ်းနွယ်(အပျိုဘဝ)၊ သမီး ဒေါ်တင်အုံး (အပျိုဘဝ)၊ သား ဦးညွှန့်ခင်(လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား ဦးခင်မောင်သန်း ၉/မရမ(နိုင်)၀၆၆၈၉၁က မြေချထားမိန့် မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

စာအုပ်
စာပေ
လူ့မိတ်ဆွေ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်

ပြည်သူများ အနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htet Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန် ရပ်ကွက်နေ ထက်လွင်အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ “Aungmyo Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်) ရပ်ကွက်နေ အောင်မျိုးထွန်း(ခ) အာနီးအား ည ၈ နာရီမိနစ်၄၀ တွင်လည်းကောင်း၊ “Thu Riza” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၅၇) ရပ်ကွက်နေ စိုးဝင့်ငယ်အား ယင်းနေ့ည ၁၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ဖော်ထုတ် အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

[illegible]

၉-၁-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

စဉ်	အမည်	အလှူငွေ (ကျပ်)	စဉ်	အမည်	အလှူငွေ (ကျပ်)	စဉ်	အမည်	အလှူငွေ (ကျပ်)
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible] Account Transfer [illegible]

(က) [illegible] [illegible]

(ခ) [illegible] [illegible]

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ခေတ္တဆိုင်းငံ့ခြင်း

(၂၈-၁၂-၂၀၂၃)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)နှင့် (၉-၁-၂၀၂၄)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တို့တွင် ပါရှိသော အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)နှင့် (၇)တို့၏ တင်ဒါအမှတ်စဉ်(၄/၂၀၂၃) ခေတ္တဆိုင်းငံ့ပြီး တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့် တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်တို့အား ထပ်မံကြေညာပါမည်။

အဆောက်အဦအထူးအဖွဲ့(၆)နှင့်(၇)
အဆောက်အဦဦးစီးဌာန

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ နေ့သင်တန်း၊ သင်္ချာ(အထူးပြု) ၂၀၂၃၊ ၄သခ-၇၈ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်အားဖာ၏ ဖခင် ဦးအားကူ(ခ) ဦးအားဂူ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအားကူ(ခ)ဦးအားဂူ

ဖခင်အမည်မှန်

ပုလဲမြို့၊ တောင်ပိုင်းရပ်ကွက်နေ မောင်ရဲရင့် ၅/ပလန(နိုင်)၁၄၃၇၁၉၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၅/စကန(နိုင်)၁၇၄၇၉၄ ဖြစ်ပါကြောင်း။

ရောင်းချရန် ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၆၆
ရမည်းသင်းခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ်- ၂၅

အင်းဝဘဏ်လီမိတက် (၎င်း၏ကိုယ်စားမန်နေဂျာ-ဦးစိုးမြင့်သူ) မိတ္ထီလာဘဏ်ခွဲ	နှင့်	၁။ ဒေါ်ထွေးအေး ၂။ ဒေါ်ထက်ထက်လင်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ရမည်းသင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၄၆/၂၀၂၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရ က်) နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေဒါး-သာစည်ကျေးရွာ၊ ကွင်းအမှတ်(၁၀၉၉/ညောင်ထောင့်ကွင်း)၊ မြေကွက်အမှတ်(၁၃)၊ မြေဧရိယာ(၀ ဒသမ ၃၀)ကေရှိ ဒေါ်ထွေးအေး အမည်ပေါက် နှစ်(၃၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ အားလုံးနှင့် အခြားအကျိုးခံစား ခွင့်များအားလုံး။

လေလံကြမ်းခင်းဈေး ငွေကျပ် (၉၄၀) သိန်း
(ငွေကျပ်ကိုးရာလေးဆယ်သိန်းတိတိ)
လေလံရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူ တို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင် ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့် ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့တွင် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထာ သည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
ခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

